ကြေးမုံ The Mirror

၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့ (23-5-2014) (၇၈၄၉)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

သံတောင်ကြီး	၂	ဒသမ ၀၅ လက်မ
ဆော	၂	ဒသမ ၀၃ လက်မ
လောင်းလုံ	သုည	ဒသမ ၉၃ လက်မ
ကျောက်ဖြူ	သုည	ဒသမ ၈၀ လက်မ
ကော့သောင်း	၁	ဒသမ ၇၇ လက်မ

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံအလုပ်သမားဝန်ကြီးများအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံအလုပ်သမားဝန်ကြီးများအား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

ယင်းတွေ့ဆုံပွဲသို့ နေပြည်တော်၌ ကျင်းပလျက်ရှိသည့် (၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေသော ဘရူနိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Pehin Dato Haji Awang Halbi Yusof၊ ကမ္ဘောဒီးယားနိုင်ငံ အလုပ်သမားဝန်ကြီး H.E.Dr. Ith Sam Heng၊ အင်ဒိုနီးရှားနိုင်ငံ အလုပ်သမားဝန်ကြီး Mr. Aboul Muhaimin Iskandar၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mrs. Baykham Khattiya၊ မလေးရှားနိုင်ငံ အလုပ်သမားဝန်ကြီး H.E.Dato Sri Richard Riot Jeam၊ ဖိလစ်ပိုင်နိုင်ငံ အလုပ်သမားဝန်ကြီး Mrs. Rosalinda Dimapilis- Baldoz၊ စင်ကာပူနိုင်ငံ ခေတ္တအလုပ်သမားဝန်ကြီး H.E.Mr. Tan Chuan- Jin၊

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❐

ယင်းချောင်းတံတား သံကူကွန်ကရစ်အဆင့်သို့ တိုးမြှင့်ဆောက်လုပ်ပြီးစီး

ရန်ကုန် မေ ၂၂ ။ ။ မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်တွင်းကြီး-မြို့သစ်-နတ်မောက် လမ်းပေါ်၌ရှိနေသော ယင်းချောင်းတံတားမှာ ယခုအခါ သံကူကွန်ကရစ်အဆင့်သို့ အသစ်တိုးမြှင့်တည်ဆောက်ပြီးစီးသွားပြီဖြစ်သည်။ စာမျက်နှာ ၉ ကော်လံ ၃ သို့ ❖



လိမ္မော်ရောင်အဆင့်ရှိ မုန်တိုင်းငယ် ရခိုင်ကမ်းရိုးတန်းနှင့် အလွန်နီးကပ်နေ

နေပြည်တော် မေ ၂၂

ယနေ့မြန်မာစံတော်ချိန် ည ၉ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ဂွမြို့၏ အနောက်ဘက် မိုင် ၁၅၀ ခန့်၊ စစ်တွေမြို့၏ အနောက်တောင်ဘက် ၁၆၅ မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၏ တောင်ဘက် မိုင် ၂၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသော်လည်း ရခိုင်ကမ်းရိုးတန်းနှင့် အလွန်နီးကပ်နေပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

ကြေးမုံစာတည်းရှုထောင့် ၂၃-၅-၂၀၁၄၊ သောကြာနေ့

မိုးဦးအန္တရာယ်

"ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းငယ်တစ်ခုဖြစ်ပေါ်" ဟူသည့် အနီရောင်စာလုံးဖြင့် သတင်းစာမျက်နှာဖုံးမှာ တွေ့ရသည်။ နွေရာသီအကုန်မိုးကာလသို့ ကူးပြောင်းဝင်ခါစ စပ်ကူးမပ်ကူးကာလ၏သဘာဝဟု ဆိုရချိမ့်မည်။

ယခုနှစ်နွေရာသီ အပူလွန်ကဲမှုဒဏ်ကို တစ်နိုင်ငံလုံးအနှံ့ ခံစားခဲ့ကြရသည်။ လွန်ကဲသည့်အပူရှိန်ဒဏ်ကြောင့် သောက်ရေကန်များခန်းခြောက်ကုန်သည်။ တစ်နိုင်ငံလုံးမှာ သောက်သုံးရေရှားပါးမှုဒဏ် ခံခဲ့ကြရသည်။ ယခု မိုးစရွာပါပြီ။ သို့သော်တစ်နိုင်ငံလုံးအနှံ့မရွာသွန်း၍ တချို့နေရာများအပူဒဏ်ကိုခံစားနေကြရဆဲ၊ သောက်သုံးရေရှားပါးနေရဆဲပင်။ အဆိုးထဲကအကောင်းတစ်ခုမှာ မြောက်ဖျားဒေသမှာ မိုးကောင်းနေ၍ ဧရာဝတီမြစ်ရေမြင့်တက်လာခြင်းမှာ အလယ်ပိုင်းမိုးနည်းရပ်ဝန်းဒေသအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူရသွားသည်။

စပ်ကူးမပ်ကူး မတည်ငြိမ်မှုကာလ၏ အကျိုးဆက်ပင်။ တစ်နိုင်ငံလုံးနေရာအနှံ့မှာ မိုးသက်လေပြင်းတိုက်ခတ်မှုဒဏ် အလူးအလဲခံခဲ့ကြရသည်။ အိမ်များပျက်စီးသည်။ သစ်ပင်ကြီးငယ်များ ပြိုလဲသည်။ တချို့နေရာများတွင် မိုးကြိုးထိ၍သေကြေကျကြရသည်။ နွေရာသီအပူလွန်ကဲမှုဒဏ်ကြောင့် ယခုနှစ်မိုးဦးရာသီ ပိုဆိုးလာနိုင်သည်။ အထူးသဖြင့် အသွင်ကူးပြောင်းခါစကာလတစ်ကန့်က အဆိုးဆုံးကာလတိုတစ်ခုဖြစ်လာနိုင်သည်။ ယခု ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လောလောဆယ် လိမ္မော်ရောင်အဆင့်ရှိ မုန်တိုင်းငယ်က သက်သေပြနေသည်။

ပြီးခဲ့သောနွေက အပူရှိန်မြင့်မားမှုသည် နေမှတိုက်ရိုက်ဝင်ရောက်လာနေသော ခရမ်းလွန်ရောင်ခြည်ကြောင့်ဟု ဆိုသည်။ ထိုသို့ဝင်ရောက်လာနိုင်မှုသည် ကမ္ဘာ့အိုဇုန်းလွှာဟောင်းလောင်းပေါက်သွား၍ ဖြစ်သည်။ လေထုထဲမှာကာဗွန်လွန်ကဲမှု၏ဆိုးပြစ်ဖြစ်သည်။ ကာဗွန်ကို ထိန်းထားပေးနိုင်သော ကမ္ဘာ့မိုးသစ်တောများပြုန်းတီးလာနေမှုက ကမ္ဘာ့ရာသီဥတုကို ဖောက်လဲဖောက်ပြန်ကမောက်ကမဖြစ်စေသည်။ အရင်းစစ်အမြစ်မြေမှာဆိုသလို စက်မှုနိုင်ငံကြီးများ၏ လောဘလွန်ကဲဒဏ်ကို ကမ္ဘာနှင့်အဝှမ်းခံနေကြရခြင်းဆိုးပြစ်ကို သိပါလျက်ကယ်နှင့် အသိခေါက်ခက်အဝင်နက်နေသူများကို အသနားခံဖျောင်းဖျနေလည်း အလကားအချည်းနှီးသာဖြစ်လိမ့်မည်။ မိမိတို့ပြည်သူတစ်ရပ်လုံးလုပ်ကြရမည်မှာ သစ်ပင်များများစိုက်ပျိုးပေးခြင်းမှအပ "မှတစ်ပါး အခြားမရှိ"ပါ။ လွန်ကဲကာဗွန်ကို သစ်တောသစ်ပင်များနှင့် ဒိုင်းသဖွယ် ကာရံထားနိုင်ကြရပါမည်။ နှစ်စဉ်နှစ်တိုင်း ယခုလိုမိုးဦးကာလမှာ သစ်ပင်စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန်အဖြစ် ခံယူလုပ်ကိုင်မှုအင်တိုက်အားတိုက်ရှိလာခဲ့သည်မှာကြာပါပြီ။ သို့သော်လည်း တချို့ပျိုးပင်မှာ ပြုစုစောင့်ရှောက်မှုမရှိ၍ ဖြစ်မြောက်မလာခဲ့ပါ။ တချို့ ရှင်သန်ကြီးထွား ခက်မဝေပြုနှင့်ရှိနေကြသည်။ မသမာသူတချို့၏ အပြောင်ရှင်းမှုကို ခံနေရသည့် "သမင်မွေးရင်း ကျားစားရင်း"ဆိုသလို စိုက်သူကစိုက်၊ ခုတ်သူကခုတ်နှင့် နှစ်ဦးနှစ်ဖက် ဟန်ချက်ညီနေကြသည်။

ထို့အပြင် မိုးဦးလေဦး မိုးသက်လေပြင်းဒဏ်၊ မုန်တိုင်းဒဏ်များကြောင့် ပြိုလဲဖျက်ဆီးခံနေရသည့် သစ်ပင်များလည်း မနည်းပါ။ သို့သော် မဟာရန်ကုန် လမ်းဘေးနေရာတချို့မှာကား လေမတိုက်ဘဲမိုးရွာရုံနှင့် နှစ်ချို့ပင်များ ပြိုလဲနေရသည်မှာ မဖြစ်သင့်သောဖြစ်ရပ်များဖြစ်နေသည်။

နေ့စဉ်နှင့်အမျှ တိုးပွားလာနေသော ကားများရပ်နားရန် နေရာများအတွက် လက်ရှိမြို့တွင်းလမ်းများကိုချဲ့ရသည်။ နှစ်ပရိစ္ဆေဒကြာမြင့်စွာရှင်သန်လျက်ရှိနေသော သစ်ပင်များကိုကွက်၍ ကွန်ကရစ်ခင်းသွားသည်။ ကွန်ကရစ်ကြမ်းခင်းကို အက်ကွဲမှုမဖြစ်စေဖို့ ရေရှည်ကိုကြည့်ပြီး သစ်ပင်ကြီးများပတ်လည်အမြစ်များကို ဖြတ်တောက်ခုတ်ပစ်ခဲ့ကြသည်။ တချို့အပင်ကြီးများအောက်ခြေပတ်လည်မှာ အုတ်ခုံမြင့်မြင့်လေးဝိုင်းပတ်လျက် အများသူငါအပန်းဖြေနားနေဖို့ လုပ်ထားကြသည်များကိုလည်း မဆီမဆိုင်ဖြိုဖျက်ထားခဲ့ကြသည်။ ဤသို့ဖြင့် သစ်ပင်ကြီး၊ ငယ်များကြံ့ခိုင်မှုအားနည်းလာခဲ့ရသည်။

မကြာမီရက်ပိုင်း ညနေဘက်ကလမ်း (၅၀)နှင့် မဟာဗန္ဓုလလမ်းပေါ်မှာ ပိတောက်ပင်ကြီးပြိုလဲသည်။ လေမတိုက်ဘဲ မိုးရွာရုံနှင့်ပြိုလဲသွားခြင်းပင်။ မိုးရွာချ၍ မြေသားများနူးလာ၍ ပတ်ချာလည်အမြစ်ဖြတ်ခံထားရသော ပိတောက်ပင်ကြီးပြိုလဲသွားရသည်။ လမ်းပေါ်မှခရီးသည်တင်ဒိုင်နာကားတစ်စီးပေါ်ပိသည်။ ခရီးသွားငါးဦးဆေးရုံပေါ်ရောက်သွားသည်။ သာမန်ဖြစ်ရိုးဖြစ်စဉ်နှင့်မတူသော မဟာရန်ကုန်၏မိုးဦးကာလအန္တရာယ်တစ်ခု။ ယခုလိုပြိုလဲနိုင်သည့် အောက်ခြေအမြစ်များ ခုတ်ထားခံရသောသစ်ပင်ကြီးငယ်များ မဟာရန်ကုန်အနှံ့မှာ အများအပြားရှိနေသည်။ ပုံမှန်ထိတွေ့နေကျမုန်တိုင်း၊ မိုးသက်လေပြင်း၊ ရေကြီးရေလျှံဖြစ်စဉ်များကို ရင်ဆိုင်နေကြရသည့် မဟာရန်ကုန်နေ ပြည်သူအများ ယခုနှစ်တွင် နောက်ထပ်မိုးဦးအန္တရာယ်တစ်ခုထပ်တိုးလာခဲ့သည်။ အချိန်မရွေးပြိုလဲနိုင်သော အမြစ်ဖြတ်ခံသစ်ပင်ကြီးများအန္တရာယ်ကိုလည်း သတိထားနိုင်မှတော်ကာကျမည်ဖြစ်ပါကြောင်း။ ။

ရန်ကုန်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွား

ရန်ကုန် မေ ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်း မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းနေမှုကြောင့် လမ်းပေါ်နှင့် လူနေအိမ်များတွင် ရေလျှံမှုများ တွေ့ကြုံခံစားလျက်ရှိသည်။

ဒီထက် ပိုဆိုးသည်မှာ ကျောင်းသားကျောင်းသူလေးများ ကျောင်းတက်ချိန်နီးလာသည်နှင့်အမျှ ရပ်ကွက်အတွင်းရှိ အချို့သောကျောင်းများ ရေလျှံနေမှုများကြောင့် ကျောင်းသားမိဘများသည် ငယ်ရွယ်သောမူလတန်းအဆင့် ရင်သွေးငယ်များ စာသင်ခန်းအတွင်း ရေဝပ်နေမှုကြောင့် ကျန်းမာရေးအတွက်နှင့် ရေမြောင်း၊ ချောက်၊ ကျင်းစသည်တို့အထဲ ပြုတ်ကျနစ်မြုပ်မည်ကို စိုးရိမ်နေကြရသည်။

မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက်အလယ်ရှိ အမှတ် (၂၆)အခြေခံပညာမူလတန်းကျောင်း ရေလျှံမှုမြင်ကွင်းမှာ ဆိုးရွားစွာတွေ့မြင်နေရသည်။**(အပေါ်ပုံ)** ကျောင်းအုပ်ဆရာမကြီး၏ ပြောပြချက်အရ မြို့နယ်ပညာရေးမှူးကို တင်ပြထားပြီးဖြစ်သော်လည်း အကောင်အထည်ပေါ်မှု စောင့်ဆိုင်းနေရသည်။ ယခင်နှစ်များက ရေလျှံသော်လည်း ယခုနှစ်ကဲ့သို့ မဆိုးပါ။ ဒီနှစ်တွေမှာ ရပ်ကွက်အတွင်းရှိ လမ်းတိုင်းကန်ထရိုက်တိုက်များ ဆောက်လုပ်နေမှုများပြားလျက်ရှိပြီး သယ်ယူတူးဖော်သောမြေများက ရေမြောင်းများပိတ်ဆို့နေမှုမှာ အခြေခံအကျဆုံးနှင့် သက်ဆိုင်ရာတို့မှလည်း ကွင်းဆင်းစစ်ဆေးခြင်းများပြုလုပ်ရန် လိုအပ်နေပေသည်။ အချို့သော ကျောင်းသားမိဘများက "ကျောင်းဖွင့်ချိန်လည်းနီးလာပြီ၊ ဒီလိုသာ ကျောင်းခန်းတွေမှာ ရေဝင်နေရင် ကျောင်းသားရင်သွေးငယ်များ ကျောင်းတက်ဖို့ ကျောင်းအပ်ရာမှာ အခက်အခဲတွေ့နေပြီ"ဟု ညည်းတွားနေမှုကို ကြားသိရသည်။

ညီညီ(သမိုင်း)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၂၂

ရန်ကုန်	ရွှေဈေး	၆၆၂၅၀၀	-	၆၆၃၀၀၀
မန္တလေး	ရွှေဈေး	၆၆၂၂၀၀	-	၆၆၂၇၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၄. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၈. ၈
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၄. ၆၄
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၆၈၉
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၀. ၂၂
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၄၂၄
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၅၀. ၇၈
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၉၄၈
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	= ၈၈၉. ၅၀
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၀. ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

သတိပေးနှိုးဆော်ချက်

ယခုအခါ မိုးရာသီကာလရောက်ရှိနေပြီဖြစ်ပါ၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်ချောင်းကမ်းဘေးများတွင် နေထိုင်သော ပြည်သူများသည် ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ဘေးအန္တရာယ်များကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်ချောင်းများတွင် သွားလာနေသော ရေယာဉ်များသည်လည်း ရာသီဥတုကြောင့်လည်းကောင်း၊ မတော်တဆမှုကြောင့်လည်းကောင်း၊ တိမ်းမှောက်မှုများဖြစ်ပေါ်လာနိုင်သဖြင့် ရေဘေးအန္တရာယ်ကြောင့် မိဘပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ(Life Jackets) များ ဆောင်ထားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် မေ ၂၂

ပြည်သူလူထု၏ လိုလားချက်များကို ဖော်ထုတ်၍ ဝန်ဆောင်မှုပေးနိုင်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးကို အထောက်အကူပြုမည့် ပြည်သူဗဟိုပြု အုပ်ချုပ်ရေးစနစ်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နိုင်ရန်အတွက် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဦးဆောင်၍ ကျင်းပသည်။**(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေး၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရာ၌ အုပ်ချုပ်မှုကောင်းအရည်အသွေး မြင့်မားလာရေးသည် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်ပါကြောင်း၊ လက်တွေ့အားဖြင့် ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ် ထူထောင်ရေးဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ကော်မတီ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း။

ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်မှ သန့်ရှင်းသောအစိုးရဖြစ်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သည့် ပြည်သူ့ဝန်ဆောင်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများ ဖြစ်ပေါ်စေရန် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူဗဟိုပြု အုပ်ချုပ်ရေးစနစ်၏ အဓိကကျသည့် သွင်ပြင်လက္ခဏာများမှာ ပြည်သူလူထု၏လိုလားချက်များကို ဖော်ထုတ်သတ်မှတ်၍ ဖြည့်ဆည်းဝန်ဆောင်မှုပေးနိုင်ရေးနှင့် ပြည်သူလူထုလုပ်ကိုင်လိုသော ကိစ္စရပ်များကို ၎င်းတို့ကိုယ်တိုင် လုပ်ကိုင်လာနိုင်အောင် ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖန်တီးပေးနိုင်ရေးတို့ပင်ဖြစ်ပါကြောင်း။

ပြည်သူ့ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးကို တိကျစွာဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ဝန်ထမ်းများ၏ အရည်အသွေးသတ်မှတ်ချက်မူဘောင်ကို တိတိကျကျသတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဗဟိုဦးစီးစနစ်လျှော့ချရန်နှင့် ပြည်သူ့ဝန်ထမ်းများ၏ အောက်ခြေမှအထက်သို့ တာဝန်ခံတင်ပြသည့်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ရုံးလုပ်ငန်းဆိုင်ရာ မလိုအပ်သောအဆင့်များကို ဖော်ထုတ်ဖြေလျှော့မှသာ အုပ်ချုပ်မှုယန္တရားပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲရာတွင် အခြေခံကစပြီး ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အခြားတစ်ဖက်တွင်လည်း ပြည်သူလူထုက အစိုးရအပေါ် ထားရှိသော မျှော်လင့်ချက်သည် မြင့်မားလာကြောင်း၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုအတွက် နိုင်ငံတကာအခြေအနေများကို လေ့လာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ကာလဒေသအလျောက် အံဝင်အောင် ကျင့်သုံးဆောင်ရွက်ရပါကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာလုပ်ငန်းစီမံကိန်း (၂၀၁၃-၂၀၁၅)အား အကောင်အထည်ဖော်ရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် UNDP တို့သည် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ နေပြည်တော်တွင် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတစ်ကြိမ်၊ ပုဂံမြို့တွင် သုံးသပ်ဆွေးနွေးပွဲတစ်ကြိမ်ဆောင်ရွက်၍ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်၍ ရှေ့ဆက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဒေသန္တရအစိုးရ၏ စွမ်းဆောင်ရည်နှင့် စီမံခန့်ခွဲမှု တိုးတက်ရေး၊ ဒီမိုကရေစီအုပ်ချုပ်ရေး ထိရောက်မှုရှိစေရေးတို့အတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှုနှင့် တွေ့ရှိရသည့် အခက်အခဲများကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေးက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုတွင် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှု၊ ပြည်သူဗဟိုပြုလုပ်ငန်းစဉ်(၅)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများနှင့် ဌာနအလိုက် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့အတူ ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးအတွက် ဒေသအလိုက်ဆောင်ရွက်နေမှု၊ ကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦးက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံတကာအတွေ့အကြုံများနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ၊ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် သန့်ရှင်းသော အစိုးရဖြစ်ပေါ်ရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၃-၅-၂၀၁၄ (သောကြာနေ့)

၅း၀၀	ပဋ္ဌာန်းပါဠိတော်+ အာဠာနာဋိယသုတ်
၈း၀၀	Cartoon Series(Go Go Giggles)
၈း၃၀	Cartoon Series(Go Torara Go)
၁၁း၁၅	Food & Decor
၁၁း၅၅	MRTV-4 Stage
၄း၅၀	ရန်ကုန်မြင်ကွင်းကျယ် -ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနား -The Solution Enterprise
၁၀း၀၅	Minute to Win It
၁၀း၄၅	MRTV-4 Stage
၁၁း၁၀	World of Knowledge (Doonsday Prappers: Friends Can Become Enemies)
၁၁း၅၅	"ဆင်းရဲခြင်းလွတ်ကင်းအောင်" တရားတော်(ဆရာတော် အရှင်ဝီရိယ(ဓမ္မဘေရီ တောင်စွန်း)

❒ **နိုင်ငံတော်သမ္မတမှ**

ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် M.LPuntrik Smiti၊ ဗီယက်နမ်နိုင်ငံ အလုပ်သမားဝန်ကြီး H.E.Mrs. Pham Thi Hai Chuyen၊ တရုတ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Yang Zhiming၊ ဂျပန်နိုင်ငံအလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးH.E.Mr. Atsuko Muraki၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးH.E.Mr. Lee Baek- Soon၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် Ms. Alicia R. Bala တို့ တက်ရောက်ကြပြီး နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအေးမြင့်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က) ဦးခင်မောင်မော်	ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန
(ခ) ဦးလှမော်ဦး	ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန
(ဂ) ဦးတိုးအောင်မြင့်	ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန
(ဃ) ဦးမင်းထွဋ်	ညွှန်ကြားရေးမှူးချုပ် ပြည်တွင်းအခွန်များဦးစီးဌာန ဘဏ္ဍာရေးဝန်ကြီးဌာန
(င) ဒေါ်ယဉ်ယဉ်မြ	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့်ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က) ဦးဝင်းဆွေထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန
(ခ) ဦးကျော်မြင့် အထွေထွေမန်နေဂျာ (ဒုတိယညွှန်ကြားရေးမှူးချုပ်) မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးဝန်ကြီးဌာန

စစ်ဘက်က အာဏာသိမ်းလိုက်ပြီဟု ထိုင်းကြည်းတပ်အကြီးအကဲ ထုတ်ပြန်ကြေညာ

ဗန်ကောက် မေ ၂၂

ထိုင်းနိုင်ငံ၌ စစ်ဘက်က အာဏာသိမ်းလိုက်ပြီဖြစ်ကြောင်း ကြည်းတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီးပရာယွတ်ချန်အိုချာက ရုပ်မြင်သံကြားမှတစ်ဆင့် မေ ၂၂ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ထိုင်းနိုင်ငံ၌ လပေါင်းအတန်ကြာမျှ နိုင်ငံရေးအကျပ်အတည်းဖြစ်ပေါ်ခဲ့ပြီး ပြိုင်ဘက်နိုင်ငံရေး ခေါင်းဆောင်များ မျက်နှာချင်းဆိုင် ဆွေးနွေးနိုင်ရန် ကြိုးပမ်းမှုနှစ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် စစ်ဘက်က အာဏာသိမ်းခြင်းဖြစ်သည်။

ထိုင်းစစ်ဘက်သည် ရဲတပ်ဖွဲ့နှင့်အတူ မေ ၂၂ ရက်မှစ၍ နိုင်ငံအတွင်း ဖြစ်ပေါ်နေသောအခြေအနေကို ထိန်းချုပ်နိုင်ရန် လိုအပ်လာကြောင်း နိုင်ငံရေးဆိုင်ရာအကြမ်းဖက်မှုများ အရှိန်အဟုန်မြင့်တက်လာမည့် အရေးကို ရည်ညွှန်းလျက် ဗိုလ်ချုပ်ကြီး ပရာယွတ်က ပြောကြားသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာသက်ဝင်မှုကိုယာယီဆိုင်းငံ့ထားလိုက်ကြောင်း၊ သို့ရာတွင်ဘုရင်စနစ်နှင့် သက်ဆိုင်နေသော ဥပဒေပြဋ္ဌာန်းချက်များ အကျုံးဝင်သက်ဆိုင်ခြင်းမရှိကြောင်း စစ်ဘက်၏ ထုတ်ပြန် ကြေညာချက်တွင် ဖော်ပြထားသည်။

အိမ်စောင့်အစိုးရအဖွဲ့ကို ဖျက်သိမ်းလိုက်သော်လည်း နိုင်ငံအတွင်းရှိ အထက်လွှတ်တော်၊ တရားရုံးတော်များနှင့် လွတ်လပ်သော အဖွဲ့အစည်းများ ပုံမှန်လုပ်ငန်းလည်ပတ်မှု ဆက်လက်ရှိနေမည်ဟု မျှော်လင့်ကြောင်း ထိုင်းစစ်ဘက်က ပြောကြားသည်။

နိုင်ငံတစ်ဝန်းတွင် ည ၁၀ နာရီမှ နံနက် ၅နာရီအထိ အိမ်ပြင်မထွက်ရန် ကာဖျူးအမိန့်ထုတ်ပြန်လိုက်ပြီး လမ်းပေါ်ဆန္ဒပြသူများအားလုံး ဆန္ဒပြလျက်ရှိသော နေရာများမှ ထွက်ခွာသွားရန်နှင့် လူငါးဦးအထက် စုဝေးခြင်းမပြုရန်လည်း စစ်ဘက်က ညွှန်ကြားသည်။

အစိုးရလိုလားသူအုပ်စုများ၊ အစိုးရဆန့်ကျင်သူအုပ်စုများ၊ အစိုးရ အထက်တန်းဝန်ကြီးများ၊ နိုင်ငံရေးနယ်ပယ်ရှိ အထင်ကရပုဂ္ဂိုလ်များနှင့် ဒုတိယမြောက်နေ့အဖြစ် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ဗိုလ်ချုပ်ကြီး ပရာယွတ်၏ ထုတ်ပြန်ကြေညာချက် ပေါ်ထွက်လာခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲမှာ နှစ်နာရီကျော်ကြာမြင့်ခဲ့သည်။ ယင်းနောက်တွင် လက်နက်ကိုင်ဆောင်ထားသည့် စစ်သည်များကို ဖြန့်ကြက်ခဲ့ပြီး သတင်းထောက်များကို ထွက်ခွာစေခဲ့ကာ ဆွေးနွေးပွဲတက်ရောက်သူများကို မော်တော်ယာဉ်များပေါ် သုတ်သီးသုတ်ပျာတင်ဆောင်လျက် မသိရှိရသောနေရာတစ်နေရာသို့ ခေါ်ဆောင်သွားခဲ့သည်။

ပုံမှန်ထုတ်လွှင့်နေကျ ရုပ်မြင်သံကြားအစီအစဉ်များကို ရပ်ဆိုင်းလိုက်ပြီး စစ်တပ်နှင့် သက်ဆိုင်နေသော ထုတ်လွှင့်မှုများကို ပြသခဲ့သည်။

ခေတ္တဝန်ကြီးချုပ် နီဝပ်တမ်ရောင်းဘွန်ဆောင်ပိုင်ဆန်နှင့် ဝန်ကြီးများကို ကြည်းတပ်စခန်းတစ်ခုသို့ ချက်ချင်းလာရောက်ရန် စစ်ဘက်က ဆင့်ခေါ်ခဲ့သည်။

ဗန်ကောက်ဆင်ခြေဖုံး၌ အစိုးရ လိုလားသော ရှပ်နီဝတ်အုပ်စု၏ သပိတ်စခန်းကို တပ်ဖွဲ့ဝင်များက ထိန်းချုပ်လိုက်ပြီး ထောက်ခံသူများ နေအိမ်သို့ ပြန်ရန် ညွှန်ကြားခဲ့သည်။

အစိုးရဝန်ထမ်းများအနေဖြင့် စည်းမျဉ်းဥပဒေများ လိုက်နာရန် ညွှန်ကြားခဲ့သည်။ နိုင်ငံခြားသားအခြေစိုက်နေထိုင်သူများ၊ သံတမန်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ အလုပ်သမားများအတွက် လုံခြုံရေးအာမခံကြောင်း စစ်ဘက်က ပြောကြားသည်။

Ref: WSJ

ထိုင်းကြည်းတပ်အကြီးအကဲ ဗိုလ်ချုပ်ကြီးပရာယွတ်နှင့် အထက်တန်း စစ်အရာရှိကြီးများအား တွေ့ရစဉ်။

တောင်ကိုရီးယား ဝန်ကြီးချုပ်သစ်အဖြစ် တရားသူကြီးဟောင်းတစ်ဦးကို အမည်တင်သွင်း

ဆိုးလ် မေ ၂၂

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်လကကူးတို့ သင်္ဘောနစ်မြုပ်မှုဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ရာထူးမှနုတ်ထွက်ပေးသည့် ဝန်ကြီးချုပ် ချန်ဟောင်ဝမ်၏ နေရာတွင် အစားထိုးခန့်အပ်နိုင်ရန် သမ္မတပတ်ကွမ်ဟိုင်းက တရားရုံးချုပ်တရားသူကြီးဟောင်းတစ်ဦးကို အမည်စာရင်းတင်သွင်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၂ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားနိုင်ငံ၌ ကူးတို့သင်္ဘောနစ်မြုပ်မှုဖြစ်ရပ်ကြောင့် သမ္မတပတ်၏ အစိုးရအဖွဲ့မှာ ဝေဖန်ခံရမှုများနှင့်တွေ့ကြုံခဲ့ရပြီး လာမည့်ဒေသန္တရ ရွေးကောက်ပွဲများတွင် ၎င်း၏ပါတီ အောင်ပွဲခံနိုင်မှု ထိခိုက်ရဖွယ်ရှိကြောင်း နိုင်ငံရေးဆန်းစစ်သူများက ပြောကြားကြသည်။

ဝန်ကြီးချုပ် ချန်ဟောင်ဝမ်သည် လွန်ခဲ့သည့်လက နုတ်ထွက်စာ တင်ခဲ့ရာ ၎င်း၏နေရာတွင် အစားထိုးခန့်အပ်နိုင်ရန် တရားသူကြီးဟောင်း အန်းဒိုင်ဟီး (၅၉နှစ်)အား အမည်စာရင်း တင်သွင်းလိုက်ပြီဖြစ်သည်။ ဧပြီ ၁၆ ရက်က ကူးတို့သင်္ဘောနစ်မြုပ်မှု ဖြစ်ပွားခဲ့ရာတွင် ကျောင်းသူ၊ ကျောင်းသားအများစုဖြစ်သည့် လူပေါင်း ၃၀၀ခန့် သေဆုံးခဲ့ရသည်။

အန်းဒိုင်ဟီးသည် အစိုးရဌာနများ ပြုပြင်ပြောင်းလဲနိုင်ရန်လည်းကောင်း၊ နိုင်ငံတော်က ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ အကောင်အထည်ဖော်ရာတွင်လည်းကောင်း စွမ်းဆောင်ရည်ရှိသည့် ပုဂ္ဂိုလ်အဖြစ် သမ္မတက ယုံကြည်ယူဆကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ မင်ကွမ်စူးကပြောကြားသည်။

ကူးတို့သင်္ဘောနစ်မြုပ်မှု ဖြစ်ရပ်နှင့်ပတ်သက်၍ အစိုးရအားဝေဖန်မှုများပေါ်ထွက်ခဲ့ပြီးနောက်အမျိုးသား ထောက်လှမ်းရေးဌာန အကြီးအကဲ နမ်ဂျေဂွန်းနှင့် အမျိုးသားလုံခြုံရေးကောင်စီ အကြီးအကဲ ကင်ယန်စူးတို့ကလည်း ရာထူးမှ နုတ်ထွက်စာများ အသီးသီးတင်သွင်းခဲ့ကြသည်။ ရိုက်တာ။

အာရှတိုက်ကို မည်သည့်နိုင်ငံကမျှ စိုးမိုးမှုမရှိရေး နိုင်ငံတကာလုံခြုံရေး ညီလာခံ၌ တရုတ်နိုင်ငံ တိုက်တွန်း

ရှန်ဟိုင်း မေ ၂၂

အာရှတိုက်၌ မည်သည့်နိုင်ငံကမျှ စိုးမိုးခြယ်လှယ်မှု မရှိသင့်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က မေ ၂၁ ရက်တွင် ပြောကြားလိုက်သည်။ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပသော အာရှဒေသရှိ နိုင်ငံများ ယုံကြည်မှုတည်ဆောက်ရေး နိုင်ငံတကာညီလာခံတွင် တရုတ်သမ္မတရှီက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

အာရှဒေသဖွံ့ဖြိုးရေးနှင့် လုံခြုံရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ကြရန်လည်း တရုတ်သမ္မတရှီက တိုက်တွန်းသည်။

အာရှဒေသရှိ နိုင်ငံများ ယုံကြည်မှုတည်ဆောက်ရေး နိုင်ငံတကာညီလာခံသို့ ရုရှားသမ္မတဗလာဒီမာပူတင်၊ အီရန်သမ္မတ ရက်ဆန်ရိုဟာနီ၊ အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း စသည့်နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲ ၂၀ ကျော် တက်ရောက်ခဲ့သည်။

ကုလသမဂ္ဂ အကြီးအကဲ ဘန်ကီမွန်းကိုလည်း ယင်းညီလာခံသို့ ဖိတ်ကြားခဲ့သည်။

အာရှဒေသ၌ အကြမ်းဖက်မှုများ၊ ခွဲထွက်ရေးဝါဒီများ၊ အစွန်းရောက်ဝါဒီများ ခေါင်းထောင်လာနေသဖြင့် ဒေသဆိုင်ရာလုံခြုံရေး တိုးတက်ကောင်းမွန်စေရန် နိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကြရန်လိုအပ်ကြောင်း တရုတ်ခေါင်းဆောင်က ပြောကြားသည်။

တရုတ်နိုင်ငံကို ဟန့်တားနိုင်ရေးအတွက် အာရှဒေသအတွင်း စစ်ရေးမဟာမိတ်ဖွဲ့မှုများ မပြုလုပ်ကြရန် ၎င်းက တောင်းဆိုလိုက်သည်။ ဂျပန်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံများနှင့် တရုတ်နိုင်ငံအကြား တောင်တရုတ်ပင်လယ် ရေကြောင်းပိုင်နက် အငြင်းပွားမှုများနှင့် ပတ်သက်၍ တင်းမာမှုများ ပေါ်ပေါက်နေချိန်တွင် ယင်းသို့ တောင်းဆိုခြင်းဖြစ်သည်။

ရိုက်တာ။

တောင်တရုတ်ပင်လယ်ရှိ ရေနံတူးစင် ရုပ်သိမ်းရန် ဗီယက်နမ်အမျိုးသား လွှတ်တော် တောင်းဆို

ဟနွိုင်း မေ ၂၂

တောင်တရုတ်ပင်လယ်အတွင်း အငြင်းပွားလျက်ရှိသည့် ရေပြင်၌ တရုတ်အစိုးရပိုင် စွမ်းအင်ကုမ္ပဏီတစ်ခုက ရေနံတူးစင်လာရောက် တည်ဆောက်ခြင်းသည် တရားမဝင်ကြောင်း၊ သို့အတွက် ပြန်လည်ရုပ်သိမ်းပေးရန် တရုတ်အစိုးရကို တောင်းဆိုကြောင်း ဗီယက်နမ်အမျိုးသားလွှတ်တော်က ကြာသပတေးနေ့တွင် ကြေညာသည်။

တရုတ်နိုင်ငံက ရေနံတွင်းတူးစင် ၉၈၁ ခုကို တည်ဆောက်ခြင်းသည် ဗီယက်နမ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတကာဥပဒေကို လေးနက်စွာ ချိုးဖောက်ခြင်းဖြစ်သည်၊ အထူးသဖြင့် ၁၉၈၂ ခုနှစ် ပင်လယ်ပြင်ဥပဒေဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းကို ချိုးဖောက်ခြင်းဖြစ်သည်ဟု အမျိုးသားလွှတ်တော်က ခံယူကြောင်း ၎င်း၏ကြေညာချက်တွင် ဖော်ပြသည်။

တရုတ်တို့၏ ရေနံတူးစင်သည် ဗီယက်နမ်နိုင်ငံ၏ ကမ်းခြေမှ ရေမိုင် ၁၃၀ အကွာ ပင်လယ်ပြင်၌ ထွက်နေသော ဗီယက်နမ်ကုန်းမြေ၏ အစွန်းတွင် တည်ရှိ၍ ဗီယက်နမ်နိုင်ငံ၏ သီးသန့်စီးပွားရေးဇုန် အတွင်းတွင် ကျရောက်လျက်ရှိကြောင်း လွှတ်တော်အမတ်များက ပြောကြားသည်။

ပါရာဆဲလ်ကျွန်းများအနီးရှိ ယင်းရေပြင်ကို တရုတ်နိုင်ငံက ပိုင်ဆိုင်ကြောင်း ကြေညာခဲ့သည်။

မေ ၂၀ ရက်တွင် စတင်ကျင်းပသည့် လွှတ်တော်ညီလာခံ၌ အစိုးရအဖွဲ့က မေ ၂၁ရက်တွင် တရုတ်ရေနံတူးစင်ကိစ္စကို တင်ပြခဲ့ရာ လွှတ်တော်အမတ်များက ကြားနာဆွေးနွေးကြခြင်းဖြစ်သည်။ ဗီယက်နမ်နှင့် တရုတ်ပြည်သူများအကြား အစဉ်အလာ ချစ်ခင်ရင်းနှီးမှုကို ထိန်းသိမ်းထားရှိရန်နှင့် ဒေသတွင်း တည်ငြိမ်ရေးကို တည်မြဲစေရန်အတွက် ပြဿနာကို ငြိမ်းချမ်းသော နည်းလမ်းများဖြင့် ဖြေရှင်းကြရန် လွှတ်တော်အမတ်များက တောင်းဆိုခဲ့ကြသည်။ **အေပီ။**

ဗီယက်နမ်ပြည်သူများ တရုတ်နိုင်ငံဆန့်ကျင်ရေး ဆန္ဒပြကြစဉ်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၁၄/၂၀၁၄)
၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက်)

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးအစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၁/၂၀၁၁)၊ ၆-၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၂/၂၀၁၂)၊ ၂၂-၄-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၂/၂၀၁၂)၊ ၁၆-၁၀-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၄၁/၂၀၁၂)၊ ၁၁-၃-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၆/၂၀၁၃)၊ ၂၄-၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ်(၁၆/၂၀၁၃)နှင့် ၂၇-၉-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၂၇/၂၀၁၃)တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၂၀၂၅၅ ဗိုလ်မှူးချုပ် ကျော်ရွှေ	(အစား)	ကြည်း ၁၈၀၈၆ ဗိုလ်မှူးကြီး တင်စိုး
(၂)	ကြည်း ၂၇၀၁၅ ဒုတိယဗိုလ်မှူးကြီး အောင်မြတ်သိန်း	(အစား)	ကြည်း ၂၄၀၉၁ ဒုတိယဗိုလ်မှူးကြီး အောင်မင်းဆွေ
(၃)	ကြည်း ၂၇၀၆၆ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်လင်း	(အစား)	ကြည်း ၂၅၂၂၇ ဒုတိယဗိုလ်မှူးကြီး တက်ထွန်း
(၄)	ကြည်း ၂၇၄၃၉ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်	(အစား)	ကြည်း ၂၇၄၀၉ ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်း
(၅)	ရေ ၃၆၂၆ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်	(အစား)	ရေ ၃၈၄၇ ဗိုလ်မှူး ညီညီထွန်း
(၆)	ရေ ၃၇၇၉ ဒုတိယဗိုလ်မှူးကြီး စိုးနိုင်	(အစား)	ရေ ၄၁၁၁ ဗိုလ်မှူး ကျော်သူရ
(၇)	ကြည်း ၂၇၅၀၆ ဗိုလ်မှူး တင်ထွန်း	(အစား)	ကြည်း ၃၄၈၉၂ ဗိုလ်မှူး မိုးမြင့်အောင်
(၈)	ကြည်း ၃၁၅၉၄ ဗိုလ်မှူး ကျော်စိုးမင်း	(အစား)	ကြည်း ၃၇၁၈၈ ဗိုလ်မှူး ဇင်မျိုးလှိုင်
(၉)	ကြည်း ၃၃၁၈၄ ဗိုလ်မှူး တင်ကျော်ဦး	(အစား)	ကြည်း ၃၇၂၄၁ ဗိုလ်မှူး စန်းယုသိန်း
(၁၀)	ရေ ၃၆၄၉ ဗိုလ်မှူး သန်းဇော်ဦး	(အစား)	ရေ ၄၀၃၈ ဗိုလ်မှူး အေးမင်းစိုး

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၅/၂၀၁၄)
၁၃၇၆ ခုနှစ်၊ကဆုန်လပြည့်ကျော် ၉ ရက်
(၂၀၁၄ ခုနှစ်၊ မေလ ၂၂ ရက်)

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရှစ်ဦးတို့ကို အမည်စာရင်း ပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂/၂၀၁၁)၊ ၂၂-၄-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၃/၂၀၁၂)၊ ၁၂-၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၃/၂၀၁၃)၊ ၂၄-၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၇/၂၀၁၃) နှင့် ၂၇-၉-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၈/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁)	ကြည်း ၂၈၂၈၄ ဒုတိယဗိုလ်မှူးကြီး မျိုးသစ်ဦး	(အစား)	ကြည်း ၂၈၂၇၄ ဒုတိယဗိုလ်မှူးကြီး သိန်းလွင်
(၂)	ကြည်း ၂၈၁၄၈ ဒုတိယဗိုလ်မှူးကြီး ဇော်လင်း	(အစား)	ကြည်း ၂၆၉၉၁ ဒုတိယဗိုလ်မှူးကြီး မြင့်ဝင်း
(၃)	ရေ ၃၆၀၆ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ထူး	(အစား)	ရေ ၄၁၅၄ ဗိုလ်မှူး ကိုကို
(၄)	ကြည်း ၂၃၂၇၀ ဗိုလ်မှူး ဇော်မြင့်	(အစား)	ကြည်း ၂၄၁၀၈ ဗိုလ်မှူး အောင်သက်မြင့်
(၅)	ကြည်း ၃၂၃၇၂ ဗိုလ်မှူး ဝင်းကျော်ကျော်	(အစား)	ကြည်း ၃၁၇၇၆ ဗိုလ်မှူး မောင်မောင်
(၆)	ကြည်း ၃၀၄၂၆ ဗိုလ်မှူး အောင်နိုင်ဦး	(အစား)	ကြည်း ၃၄၅၀၀ ဗိုလ်မှူး ကျော်သက်ဦး
(၇)	ကြည်း ၂၅၁၆၈ ဗိုလ်မှူး ခင်မောင်ချို	(အစား)	ကြည်း ၃၅၆၀၀ ဗိုလ်မှူး သန်းဇော်ထွန်း
(၈)	ကြည်း ၂၈၃၁၀ ဗိုလ်မှူး မျိုးအောင်	(အစား)	ကြည်း ၃၅၃၅၄ ဗိုလ်မှူး သိန်းလွင်ဌေး

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကာတွန်းဖေသိန်းဖောင်ဒေးရှင်းရန်ပုံငွေ ဂီတဖျော်ဖြေပွဲကျင်းပမည်

ရန်ကုန် မေ ၂၂

၁၉၇၀ ပြည့်နှစ်အလွန်က ထင်ရှားကျော်ကြားခဲ့သည့် ပြည်သူချစ်အဆိုတော်များဖြစ်သည့် ဗစ်တာခင်ညို၊ စိန်ဝင်းထွန်း၊ ဘိုဘိုဟန်၊ ကံ့ကော်တောမျိုးအောင်၊ ကိုင်ဇာ၊ ဇော်ဝင်းရှိန်၊ စိုင်းဆိုင်မောဝ်၊ ခိုင်ထူး၊ စိန်သစ်၊ ဝေမိုးတို့ပါဝင်သည့် The 10 GENTLEMAN အမည်ရှိ ဂီတဖျော်ဖြေပွဲကို ဇွန် ၁ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

ကာတွန်းဖေသိန်း ဖောင်ဒေးရှင်းရန်ပုံငွေအတွက် ဦးပီးပေါက်စီစဉ်မှုဖြင့် ပြုလုပ်သည့် ယခုဂီတဖျော်ဖြေပွဲကဲ့သို့ ထင်ရှားကျော်ကြားခဲ့သည့် အဆိုတော်များကို စုစည်း၍ ထပ်မံပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

(မျိုးမင်းသူရ)

ယနေ့ မိုးလေဝသ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၇၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၇၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

စိတ်နှလုံးမြူ မေတ္တာတူ လူကုန်ကူးခံရသူ လက်တွဲကူ

ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားရောက်လိုသူများအတွက်
ပညာရေးရှင်းလင်းပွဲဖိတ်ကြားလွှာ

Tokyo University of Social Welfare
Myanmar Japanese Language Office
Building No.A-3-2, Room (102), Myanma Gonyi Housing,
Upper Pansodan Road, Mingalar Taung Nyunt Township, Yangon.

Park Royal Hotel
NO.33, Alan Pha Phaya Road,
Dagon Township, Yangon.

Tel : 01-393370, 09-4211-47070

ဆေးလိပ်ကင်းစင် ပတ်ဝန်းကျင် မြှင့်တင်ကျန်းမာရေး

မောင်ကျော့ရှူး

နှစ်စဉ် မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့သတ်မှတ်၍ ၁၉၈၉ ခုနှစ်မှ စပြီး အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့သည်။

နယ်သစ်ရှာ ခရစ္စတိုဖာကိုလံဘတ်စ်သည် သင်္ဘောဖြင့် အတ္တလန္တိတ်သမုဒ္ဒရာဖြတ်၍ ခရစ်နှစ် ၁၄၉၂ ခုနှစ်တွင် အမေရိကတိုက်သို့ရောက်ရှိပြီး ဥရောပသို့အပြန် ဆေးရွက်ကြီးပါလာခဲ့ရာမှ ဆေးလိပ်ဇာတ်လမ်းစခဲ့၏။ ဆေးရွက်ကြီးမှဆေးပေ့ါလိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ စီးကရက်ဟူ၍ ဖြာထွက်လာခဲ့သည်။

၁၅၅၆-၅၉ ခုနှစ်မှာ စပိန်၊ ပြင်သစ်၊ ပေါ်တူဂီနိုင်ငံများသို့ ဆေးလိပ်ပျံ့နှံ့ခဲ့၏။ ၁၈၅၀ ပြည့်နှစ်တွင် ပထမဆုံး စီးကရက်စက်ရုံကို ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့မှာ တည်ထောင်ခဲ့သလို ၁၈၆၄ ခုနှစ်တွင် အမေရိက၌ စီးကရက်စတင်ထုတ်သည်။ ၁၉၂၁ ခုနှစ်တွင် အမေရိက၌ စီးကရက်သောက်မှု အဓိကဖြစ်လာ၏။ ၁၉၆၄ ခုနှစ်တွင် မာလ်ဘိုရိုဆေးလိပ်ကြော်ငြာကြောင့် တစ်နှစ်ရောင်းအား ၁၀ ရာခိုင်နှုန်း တိုးတက်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် အာဖရိက၊ အာရှ၊ လက်တင်အမေရိကနိုင်ငံများသို့ စီးကရက်ဈေးကွက် တစ်ဟုန်ထိုးကျယ်ပြန့်သွား၏။

Tobacco Leaf ဆေးရွက်ကြီးငုံ ရုံသာမက ကွမ်းယာထဲ ထည့်စားကြသလို ကိုယ်ဝန်ဆောင် အမျိုးသမီးများပင် ဆေးလိပ်သောက်နေကြပြီ။ ကျောင်းသားလူငယ်ထု၏ သုံးပုံတစ်ပုံသော အိမ်တွေမှာ ဆေးလိပ်သောက်နေကြသလို ကျောင်းသားထု၏ သုံးပုံတစ်ပုံသည် ကိုယ်တိုင် ဆေးလိပ်သောက်နေကြပြီ။ အိမ်တိုင်းလိုလိုဝင်ငွေ၏ ၂၀ရာခိုင်နှုန်းကို ဆေးလိပ်သောက်ပစ်ကြသည်။

ဆေးလိပ်သောက်ရှူရာမှာ အန္တရာယ်ဓာတ်ငွေ့ နီကိုတင်းနှင့် ကာဗွန်မိုနောက်ဆိုဒ် နှစ်မျိုးသည် လူ့ခန္ဓာကိုယ်တွင်းမှ သွေးကြောနှင့်နှလုံးများကို အထိခိုက်ဆုံးဖြစ်၏။ နီကိုတင်းသည် ဆေးလိပ်တွင် အများဆုံးပါဝင်ပြီး စွဲစေတတ်၏၊ နှလုံးခုန်နှုန်းမြန်စေ၏။ သွေးကြောကျဉ်း သွေးကြောပိတ်၊ခြေပုပ်သဖြင့် အဖြတ်ခံကြရသည်။

ဆေးလိပ်သောက်ခြင်းကြောင့် နှလုံးသွေးကြောကျဉ်းရောဂါ၊အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အဆုတ်ရောင်ရောဂါ၊ အစာအိမ်ရောဂါ၊ အစာအိမ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ လေပြွန်ကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ ကျောက်ကပ် ကင်ဆာ၊ ရုတ်တရက် လေဖြတ်ရောဂါများဖြစ်တတ်၏။ ဆေးလိပ်သောက်ကိုယ်ဝန်ဆောင် အမျိုးသမီးများ ကလေးအသေမွေးတတ်သလို ပေါင်ချိန်မပြည့်၊ လမစေ့ကလေးများလည်း မွေးတတ်သည်။ အသက်ရှင်လျက်မွေးလာသော်လည်း အသက်မရှည် ရုတ်တရက် သေတတ်သည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ကမ္ဘာပေါ်မှာ တစ်နှစ်လူ လေးသိန်းကျော် သေဆုံးနေ၏။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO), Framework Convention on Tobacco Control(FCTC) ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို နိုင်ငံပေါင်း ၁၆၈ နိုင်ငံက ၂၃-၁၀-၂၀၀၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ယခုဆိုလျှင် ၁၇၇ နိုင်ငံ ရှိသွားပြီ ဖြစ်သည်။

မြန်မာနိုင်ငံအဖို့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ၄-၅-၂၀၀၆ နေ့မှာ ထုတ်ပြန်ခဲ့ပြီး ၄-၅-၂၀၀၇ နေ့မှာ စတင် အသက်ဝင်သည်။

ဥပဒေတစ်ရပ်စတင်အသက်ဝင်ပြီဆိုလျှင် အရေးယူအပြစ်ပေးမှုတစ်ပါတည်းလိုက်ရပါမည်။ ဥပဒေအရ ဆေးလိပ်မသောက်ရနေရာများတွင် မြို့ပတ်ရထားများ ပါဝင်သော်လည်း သောက်နေကြဆဲပင်။ ဥပဒေနှင့်အညီ အရေးယူမည့်သူမရှိပါ။ အလားတူပင် ကျောင်းအနီး

> **ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ကမ္ဘာပေါ်မှာ တစ်နှစ် လူလေးသိန်းကျော် သေဆုံးနေ၏။**
>
> **ဥပဒေအရ ဆေးလိပ်မသောက်ရနေရာများတွင် မြို့ပတ်ရထားများ ပါဝင်သော်လည်း သောက်နေကြဆဲ။ ဥပဒေနှင့်အညီ အရေးယူမည့်သူမရှိပါ။ အလားတူပင် ကျောင်းအနီး ဆေးလိပ်မရောင်းရ တားမြစ်ထားသော်လည်း ရောင်းနေဆဲ။**

ဆေးလိပ်မရောင်းရ တားမြစ်ထားသော်လည်း ရောင်းနေဆဲ။

စာသင်ကျောင်းများအနေဖြင့် "တို့ကျောင်းတစ်ခွင် စင်ငါးစင်" ဆိုင်းဘုတ်စာတန်းများ ရေးထိုးထားရာတွင် "ဆေးလိပ်ကင်းစင်ကျောင်း" အပါအဝင်ဖြစ်သည်။ သားသမီးများ၊ တပည့်များ အတုမြင်အတတ်သင်မဖြစ်အောင် မိဘ ဆရာသမားများကိုယ်တိုင်က ဆေးလိပ်ရှောင်ကြဉ်ဖို့လိုပေသည်။ ပရိသတ်အချစ်တော် ရုပ်ရှင်မင်းသားမင်းသမီးများ ပို၍သတိထားသင့်၏။ ဥပမာ ဇာတ်ဝင်ခန်းများတွင် စီးကရက်သောက်သော တင်တင်မူကို အတုယူအားကျပြီး ဆေးလိပ်သောက်သူတိုးပွားခဲ့သည်ကို သင်ခန်းစာယူရန်ဖြစ်၏။

ဆေးလိပ်သောက်ခြင်းကို အစမပျိုးသင့်သလို ဆေးလိပ်စွဲနေသူများလည်း ဆေးလိပ်ဖြတ်ဖို့ကြိုးစားသင့်ပေ သည်။ ဆေးလိပ်နှင့်ကျန်းမာရေး၊ ဆေးလိပ်ကိုသာ ရွေးချယ် ခဲ့သဖြင့် ဆေးလိပ်မဖြတ်ဘဲ ပေါင်နှစ်ဖက်စလုံးအဖြတ်ခံလိုက်ရသည့်စာပေဗိမာန်စာမူဆုရ စာရေးဆရာ တစ်ယောက်အကြောင်းကို သိပ္ပံမဂ္ဂဇင်းမှာ ကျွန်တော် ဆောင်းပါးရေးခဲ့ဖူးပါပြီ။

ဆေးလိပ်ဖြတ်ရေးနှင့်စပ်လျဉ်း၍ အထင်ကရပုဂ္ဂိုလ်အချို့၏ ရင်တွင်းစကားများကိုမျှဝေပါရစေ။

(၁) ဒေါက်တာဆင်မြူရယ်ဂျွန်ဆင်
"စီးကရက်တစ်ဖက်စွန်းမှာ မီး၊ အခြားတစ်ဖက်စွန်းမှာ လူမိုက်"

(၂) မတ်တွိန်း" ဆေးလိပ်ဖြတ်တာလွယ်ပါတယ်၊ ကျုပ်ဆိုဆေးလိပ်ဖြတ်တာ အကြိမ် ၁၀၀ ရှိပြီ"

(၃) အီမာဆန် " လူတွေဟာ သူတို့အမေတွေ ပုံသွင်းသလိုဖြစ်လာကြတာ"

(၄) ဟားဘတ်စပင်ဆာ "ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ဖို့က တာဝန်ပဲ။ ဒါဟာ ရုပ်ပိုင်းဆိုင်ရာကိုယ်ကျင့်တရားလို့ သိသူကနည်းတယ်"

(၅) အမေရိကန်လူ့ရှင်တော် "ဆေးလိပ်သောက်လို့ဖြစ်ရတဲ့ ကြောက်စရာရောဂါတွေအကြောင်း ဖတ်ရှုပြီးတဲ့နောက်မှာ ကျွန်တော်မျိုးစာဖတ်ခြင်းကို စွန့်လွှတ်လိုက်ပါတယ်"

(၆) အိုဗစ် "အစမလုပ်ပါနဲ့၊ အကျင့်ဆိုးက နက်ရှိုင်းစွာ အမြစ်တွယ်သွားပြီဆိုရင် ဆေးကုဖို့နောက်ကျသွားပြီ"

(၇) ဟယ်လင်ကဲလား "စွဲစွဲမြဲမြဲဇွဲနပဲနဲ့ အာရုံစိုက်ထားမယ်ဆိုရင် သင်လုပ်ချင်တာ လုပ်နိုင်ပါတယ်"

(၈) ဂစ်လ်ပင် "ကိုယ်လုပ်တာမှန်ရင် ရဲတင်းစွာဆက်လုပ်၊ မှားရင်စွန့်လွှတ်"

(၉) ကက်သရင်း တီဟီဆန် "လူငယ်တွေအပေါ် ဩဇာညောင်းရင် ကမ္ဘာမြေကိုမိုးကောင်းကင်အဖြစ် ပြောင်းပစ်လို့ရတယ်"

ဆေးလိပ်နှင့် ပတ်သက်၍ ကဗျာနှစ်ပုဒ်ကျွန်ုပ်ရေးဖူးပါသည်။

(၁) ဆုံးဖြတ်ကြစို့ လမ်းနှစ်သွယ်

ရောဂါဘေးကကင်းဝေးအောင်
ဆေးလိပ်စီးကရက်ရှောင်၊
လူငယ်မောင်မယ်ကျောင်းသားတို့
ကျန်းမာပျော်ရွှင်ဖို့။
ဆုံးဖြတ်ကြစို့ လမ်းနှစ်သွယ်
ဘယ်သင်း သင်ရွေးချယ်
ဆေးလိပ်ကို ပယ်ပါမှ
ကျန်းမာချမ်းသာစွ။
(ကိုယ်စိတ်ကျန်းမာဘဝတာ ကျောင်းသင်ခန်းစာ)

(၂) လက်တွေ့ပြည်သူ့နီတိ

ရထားပေါ်မှာ ဆေးလိပ်မသောက်နဲ့
ရှေ့နောက်ဘေးလူထိခိုက်တယ်။
ဆေးလိပ်ငွေ့ရှူ သောက်သူမခြားဘဲ
ရောဂါဖြစ်ပွားခံစားရမယ်။
(မင်္ဂလာတောင်ညွန့်စာရေးဆရာအသင်းမဂ္ဂဇင်း)

ကျောင်းသားလူငယ်ထုအတွင်း ဆေးလိပ်အန္တရာယ်ကာကွယ်ရေးအသိပညာပေးဖို့လိုပါသည်။ ဆေးလိပ်ကိုပယ်၍ ကျန်းမာရေးကို ရွေးချယ်စေရပါမည်။ အားကစားနှင့်ကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှု ဆို၊ က၊ ရေး၊ တီးအနုပညာဝါသနာထုံမှု၊ ပန်းချီပုံဆွဲစသည်ဖြင့် ဘက်စုံဖွံ့ဖြိုးအောင် ပျိုးထောင်ပေးနေကြရပါမည်။ ဘက်စုံပညာထူးချွန်သည့် လူတော်လူကောင်းဖြစ်မှသာ လူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးပြီး တိုင်းကျိုးပြည်ကျိုးဆောင်ရွက်နိုင်သဖြင့် ခေတ်နောက်ကျတိုင်းပြည် ကမ္ဘာနှင့်တစ်ပြေးညီအမီလိုက်နိုင်ပေမည်။

ကျမ်းကိုး(၁) Stop Smoking & Start Living By Dr.M. Halayya

(၂) ၂၆-၃-၂၀၁၄ နေ့ ပန်ဒါဟိုတယ်မှာ ကျင်းပခဲ့သည့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းကင်းစင်ရေးအလုပ်ရုံဆွေးနွေးပွဲစာရွက်စာတမ်းများ

(မေလ ၃၁ ရက်နေ့တွင် ကျရောက်သောကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်)

မည်သည့် မြန်မာ့စီးပွားရေးဘဏ်ခွဲ၌မဆို ပင်စင်လစာထုတ်ယူနိုင်

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)သည် အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာအများဆုံးလာရောက်ထုတ်ယူနေသည့် ဘဏ်ခွဲတစ်ခုဖြစ်သည်။

ပင်စင်စားအများစုက ပင်စင်လစာငွေများကို တစ်လချင်းဖြစ်စေ၊ နှစ်လသုံးလတစ်ကြိမ်ဖြစ်စေ ထုတ်ယူလျက်ရှိရာ ငွေထုတ်ရာတွင် ကြန့်ကြာမှုမရှိရေး၊ မြန်ဆန်မှန်ကန်ရေးအတွက် ဘဏ်ဝန်ထမ်းအားလုံးက ဝန်ဆောင်မှုအမျိုးမျိုးဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို ကိုယ်တိုင်တွေ့မြင်သိရှိရ၍ ဝမ်းသာပီတိဖြစ်ခဲ့ရသည်။

"ပင်စင်စားများ သိသာပါရန် တိုးမြှင့်ပင်စင်လစာငွေနှင့် ပတ်သက်၍ နေ့စဉ် (ရုံးဖွင့်ရက်တွင်) ရုံးချိန်အတွင်း ထုတ်ပေးနေပါကြောင်း" ဟူ၍ လည်းကောင်း၊ "တိုးမြှင့်ပင်စင်မရသေးသူများနှင့် အခက်အခဲရှိသူများ အောက်ပါပုဂ္ဂိုလ်ထံ ဆက်သွယ်အကြောင်းကြားနိုင်သည်။ ဘဏ်ခွဲမန်နေဂျာ ဖုန်း-၃၈၇၅၅၄၊ ၃၈၇၅၅၂" ဟူ၍လည်းကောင်း၊ ဘဏ်၏ ဧည့်ကြိုဆောင်၌ ကြေညာချက်ထုတ်ပြန်ထားသည်ကို တွေ့ရသည်။

"နိုင်ငံအတွက် အဘက်ဘက်က အလုပ်တာဝန်ကျေပွန်ခဲ့ပြီးဖြစ်တဲ့ ပင်စင်စားတွေကို အခုလို ပင်စင်ထုတ်ယူတဲ့နေရာမှာ အချိန်ကုန်လူပန်းမဖြစ်အောင်၊ သွားရေးလာရေးလွယ်ကူအဆင်ပြေအောင် စီစဉ်ပေးတဲ့အတွက် မြန်မာ့စီးပွားရေးဘဏ်ကိုရော နိုင်ငံတော်ကိုပါ ကျေးဇူးတင်ရှိပါတယ်လို့ ပြောချင်ပါတယ်" ဟု အသက် (၇၀) ရှိ အငြိမ်းစားတစ်ဦးက ပြောပြသည်။ **(ကိုချစ်)**

လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၂

၂၀၁၄ခုနှစ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လွှတ်တော်များ စတင်ဖွဲ့စည်းခဲ့သည်မှာ သက်တမ်း သုံးနှစ်နှင့် ငါးလရှိခဲ့ပြီး အစည်းအဝေး (၉)ကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ဒသမအကြိမ်ပုံမှန်အစည်းအဝေး ကျင်းပတော့မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်အစည်းအဝေးကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ နေထိုင်၊ သွားလာ၊ စားသောက်မှုနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဌာနအသီးသီးက စေတနာထားလုပ်ဆောင် စီစဉ်ပေးခဲ့၍ အဆင်ပြေမှုရှိကြောင်း၊ နဝမအကြိမ် ပုံမှန်အစည်းအဝေးအထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း လုပ်ဆောင်ပေးစေလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံး အသီးသီးဘက်က အားနည်းချက်၊ လိုအပ်ချက်များ ရှိပါကလည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန်လိုကြောင်း၊ သက်ဆိုင်ရာကော်မတီများကလည်း လိုအပ်မှုများကို ညှိနှိုင်းပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်ပေးကြစေလိုကြောင်း။

ကျန်ရှိသည့်လွှတ်တော်သက်တမ်းကာလအတွင်း အစည်းအဝေးများ ဆက်လက် ကျင်းပသွားမည်ဖြစ်ရာ ယခုနှစ်တွင် နှစ်ကြိမ်၊ လာမည့်နှစ်တွင် သုံးကြိမ်ခန့်ရှိမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စု အစိုးရဝန်ကြီးဌာနများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့နှင့် ညှိနှိုင်းဆွေးနွေးမှုအရ ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းရန် ဥပဒေပေါင်း(၁၅၀)ခန့်ရှိပြီး ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၌ ဥပဒေပေါင်း (၅၀)ခန့် ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း၊ ဥပဒေများမြန်မြန်ဆန်ဆန် ပြဋ္ဌာန်းနိုင်ရန် လွှတ်တော်အပိုင်းက အဓိက ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများတွင်လည်း တာဝန်ရှိသည့်အလျောက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

လွှတ်တော်အစည်းအဝေး မကျင်းပမီ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအပိုင်းကလည်း ကြိုတင်ညှိနှိုင်းပြီး လိုအပ်မှုများကို ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များပြားသလောက် ပံ့ပိုးမှုပေးရန်လိုကြောင်း၊ လာမည့်လွှတ်တော်သက်တမ်းကာလအတွင်း ဥပဒေပြုရေးလုပ်ငန်းများ ဆောင်ရွက်ရန်အားလုံးတက်ညီလက်ညီ ဆောင်ရွက်မည်ဆိုလျှင် အဆင်ပြေမည်ဖြစ်ကြောင်း၊ လွှတ်တော်အပိုင်းက လိုအပ်ချက်များရှိပါကလည်း တင်ပြပေးရန်နှင့် မိမိတို့အပိုင်းကလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက လုံခြုံရေး၊ ပြန်ကြားရေး၊ အခမ်းအနားပြင်ဆင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ တည်းခိုရေးနှင့်နေရာချထားရေး၊ ဆက်သွယ်ရေး၊ အသံထိန်းစနစ်နှင့် ဆန္ဒမဲပေးစက်ခလုတ်ဆိုင်ရာ လုပ်ငန်းများ၊ ကျန်းမာရေး၊ ဧည့်ခံကျွေးမွေးရေး၊ လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဦးအောင်ကြည်၊ ဦးကျော်လွင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးသန်းဌေး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။**(သတင်းစဉ်)**

ကျေးလက်၊ မြို့ပြနှင့်ဒေသန္တရစီမံကိန်းရေးဆွဲခြင်း သင်တန်း (၁/၂၀၁၄) ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၂

နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်အညီ ပြောင်းလဲဆောင်ရွက်နိုင်ရန်နှင့် ကျေးလက်၊ မြို့ပြနှင့် ဒေသန္တရစီမံကိန်းများကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်း ရေးဆွဲရေးဦးစီးဌာန၏ ကျေးလက်၊ မြို့ပြနှင့်ဒေသန္တရစီမံကိန်းရေးဆွဲခြင်း သင်တန်းအမှတ်စဉ် (၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံတော်၏ လက်ရှိပြုပြင် ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ် စီမံကိန်းအရာထမ်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါပါကြောင်း၊ ထို့ကြောင့် စီမံကိန်းရေးဆွဲသူများအနေဖြင့်လည်း လုပ်ငန်းအပေါ်ခံယူမှု စိတ်ဓာတ်ကိုပါပြုပြင်ရန်လိုအပ်ကြောင်း၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင် စက်မှုနိုင်ငံတော်တစ်ခုအဖြစ် ပေါ်ထွန်းလာရန်နှင့် လျှပ်စစ်၊ ရေအရင်းအမြစ်၊ သတင်းအချက်အလက်နှင့် နည်းပညာကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများ သာမက ကျန်းမာရေး၊ ပညာရေးကဲ့သို့သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကိုပါ စီစဉ်ရေးဆွဲရန်ဖြစ်ကြောင်း။

သင်တန်းတွင် နိုင်ငံတကာက ဆောင်ရွက်ခဲ့သည့် စီမံကိန်းနမူနာတချို့ကို ပြန်လည်လေ့လာဖော်ထုတ်ပြီး မိမိတို့၏ဒေသနှင့်ကိုက်ညီသော စီမံကိန်းများရေးဆွဲရာ၌ ပြန်လည်အသုံးချနိုင်အောင် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းတစ်ခုကို ဆန်းစစ်အကဲဖြတ်မှုနှင့်ပတ်သက်ပြီး Situational Analysis for Project Appraisal ကိုလည်း လေ့ကျင့်ပို့ချမည်ဖြစ်ကြောင်း၊ ထို့အတူ မြို့များ၏ မြို့စီမံကိန်း (Town Plan) နှင့် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းတို့နှင့် ပတ်သက်ပြီး သက်ဆိုင်ရာဌာနများက ပို့ချပေးမည်ဖြစ်ကြောင်း။

ယခုသင်တန်းပြီးနောက်တွင် ကျေးလက်၊ မြို့ပြနှင့်ဒေသန္တရဆိုင်ရာ စီမံကိန်းများရေးဆွဲပုံ၊ ကြီးကြပ်ပုံ၊ ပြန်လည်သုံးသပ်ပုံများကို သိရှိပြီးဖြစ်သည့်အတွက် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (National Comprehensive Development Plan)၊ ပထမငါးနှစ်စီမံကိန်းဖြစ်သော ပြည်သူဗဟိုပြုစီမံကိန်း (People Centered Development) နှင့် နှစ်စဉ်စီမံကိန်း (Annual Plan) များတွင် အစီအစဉ်တကျ ရှေ့နောက်ညီညွတ်စွာပါဝင်ဆောင်ရွက်နိုင်ပြီး မိမိတို့၏ မြို့နယ်အလိုက်စီမံကိန်းများတွင် စွမ်းဆောင်ရည်ရှိရှိဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် သင်တန်းက ပို့ချလိုက်သော ကျေးလက်၊ မြို့ပြနှင့်ဒေသန္တရ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ နည်းပညာ၊ ပရောဂျက်ရွေးချယ်မှုနည်းလမ်းများကို အမှန်တကယ် အကောင်းဆုံးရေးဆွဲ အကောင်အထည်ဖော်နိုင်အောင် ကြိုးစားကြရန်လိုကြောင်း ပြောကြားသည်။

ကျေးလက်၊ မြို့ပြနှင့်ဒေသန္တရစီမံကိန်းရေးဆွဲခြင်း သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၀ တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၂၂ ရက်မှ ၂၈ ရက်အထိ ရက်သတ္တပတ်ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသည်တင်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ပူးပေါင်းစစ်ဆေး

နေပြည်တော် မေ ၂၂

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆဖြစ်မှုများ တဖြည်းဖြည်းများပြားလာသည့်အတွက် ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် အနေဖြင့် စစ်ဆေးရမည့် အချက်များသတ်မှတ်၍ တာဝန်ရှိဌာန/ အဖွဲ့အစည်းများဖြစ်သော ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ယာဉ်ထိန်း)၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့နှင့် အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် အထွက်ယာဉ်များကို ရန်ကုန်၌ အဝေးပြေးလမ်းမကြီး၊ တိုးဂိတ်မရောက်မီနေရာ၊ နေပြည်တော်တွင် အမြန်လမ်းမကြီး၊ တိုးဂိတ်မရောက်မီ နေပြည်တော်တိုးဂိတ်နေရာနှင့် မန္တလေးတွင် စကားအင်းအဝိုင်းအထွက် တိုးဂိတ်မရောက်မီနေရာများတွင် မေ ၁၇ ရက်မှ စတင်၍ စစ်ဆေးလျက်ရှိသည်။

ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်နှင့်ပတ်သက်၍ သက်တမ်းရှိယာဉ်သက်သေခံလက်မှတ်၊ ကိုယ်ထည်၊ တာယာနှင့် အစိတ်အပိုင်းများ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်အသုံးပြုနိုင်မှု၊ လူစီးထိုင်ခုံတပ်ဆင်မှု၊ အရေးပေါ် ထွက်ပေါက်အသုံးပြုနိုင်မှု၊ သတ်မှတ်ထားသည့်အတိုင်း ခရီးသည်နှင့် ကုန်ပစ္စည်းတင်ဆောင်မှု၊ အရေးပေါ် အခြေအနေတွင် အသုံးပြုနိုင်ရန် မီးသတ်ဆေးဘူး၊ တူ၊ ပုဆိန်၊ (Emergency Hammer)၊ ယာဉ်တွင်တပ်ဆင်သည့် ရောင်ပြန်နှင့်ရပ်နားရာတွင် အသုံးပြုမည့် တြိဂံရောင်ပြန်ပါရှိမှုများကို စစ်ဆေးမည်ဖြစ်ပြီး ယာဉ်မောင်းနှင်သူများနှင့်ပတ်သက်၍ ယာဉ်မောင်းနှင့်အရန်ယာဉ်မောင်းအတွက် သက်တမ်းရှိ "င" ယာဉ်မောင်းလိုင်စင်၊ ယာဉ်နောက်လိုက်နှင့် ယာဉ်နောက်လိုက်လက်မှတ်၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်များ၊ အရက်သေစာ/ မူးယစ်ဆေးဝါးသုံးစွဲမှု ရှိ/မရှိနှင့် အသက်ကယ်ထိုင်ခုံခါးပတ်များပါရှိမှုနှင့် အသုံးပြုမှုတို့ကို စစ်ဆေးမည်ဖြစ်သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ခြင်းကို မေ ၁၇ ရက်မှစ၍ ပညာပေးကာလအဖြစ် ရက်သတ္တတစ်ပတ် ဆောင်ရွက်မည်ဖြစ်ပြီး မေ ၂၄ ရက်မှ စတင်၍ သတ်မှတ်ထားသည့် စစ်ဆေးချက်များနှင့် မကိုက်ညီပါက ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းဝေး၍ လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရေးအတွက် ခရီးဆက်ရန် တားမြစ်ကန့်သတ်ခြင်း၊ ယာဉ်ပိုင်ရှင်နှင့်ယာဉ်မောင်းများအား အရေးယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ဤကဲ့သို့ အရေးယူဆောင်ရွက်ခြင်းသည် ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်လုံခြုံရေးအတွက် ဦးတည်၍ကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သဖြင့် အရေးယူခံရသည့်ယာဉ်များခရီးဆက်ရန် တားမြစ်ကန့်သတ်ခြင်းခံရခြင်းအတွက် ခရီးသွားများ ခရီးစဉ်နှောင့်နှေးခြင်း၊ ပျက်ကွက်ခြင်း၊ အဆင်မပြေဖြစ်ခြင်းကိစ္စရပ်များမဖြစ်ပေါ်စေရန် သက်ဆိုင်ရာယာဉ်ပိုင်ရှင်များ၊ ယာဉ်လိုင်းများ၊ ဂိတ်များနှင့် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီ (အဝေးပြေး)တို့မှ ယာဉ်မထွက်မီ စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် လိုအပ်ချက်များကြောင့် ခရီးစဉ်တားမြစ် ကန့်သတ်ခြင်းခံရပါက ဖြစ်ပေါ်လာသည့် ပြဿနာအရပ်ရပ်အား သက်ဆိုင်ရာမော်တော်ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ခရီးသည်တင်ယာဉ်လိုင်းတာဝန်ခံများမှ တာဝန်ယူရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရက် ၂၀ အတွင်း မထသ(ဗဟို)သို့ တိုင်ကြားမှု ၃၅ ကြိမ်ရှိ

ရန်ကုန် မေ ၂၂

ယခုနှစ် မေ ၁ ရက်မှ ၂၀ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (ဗဟို)သို့ ခရီးသည်များ၏ တိုင်ကြားမှု ၃၅ ကြိမ်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်ကြားမှုများအနက် ယာဉ်စီးခပိုတောင်းမှုကြောင့် တိုင်ကြားမှု ၁၇ ကြိမ်၊ ခရီးသည်များအပေါ် ရိုင်းပျစွာ ဆက်ဆံမှုကြောင့် တိုင်ကြားမှု ၁၀ ကြိမ်၊ သတ်မှတ်လမ်းကြောင်းအတိုင်း မမောင်းနှင်မှုကြောင့် တိုင်ကြားမှုနှစ်ကြိမ်၊ မှတ်တိုင်အရောက် မရပ်မှုကြောင့် တိုင်ကြားမှု နှစ်ကြိမ်၊ ခရီးသည်များအပေါ် ကိုယ်ထိ လက်ရောက်ကျူးလွန်မှုကြောင့် တိုင်ကြားမှု နှစ်ကြိမ်၊ မဆင်မခြင်မောင်းနှင်မှုကြောင့် တိုင်ကြားမှုတစ်ကြိမ်၊ ဂိတ်စဂိတ်ဆုံးမပြေးဆွဲမှုကြောင့် တိုင်ကြားမှုတစ်ကြိမ် စုစုပေါင်း တိုင်ကြားမှု ၃၅ ကြိမ်ရှိသည်။

ထို့ပြင် မေ ၁ ရက်မှ ၁၅ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်မတော်တဆမှု ၁၂ ကြိမ် ဖြစ်ပွားခဲ့ပြီး သေဆုံးသူနှစ်ဦးနှင့် ဒဏ်ရာရသူ ငါးဦးရှိကြောင်း မထသ(ဗဟို)မှ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ **(ခင်ချိုဝင်း)**



မေ ၂၂ ရက် ညနေ ၅ နာရီခွဲတွင် မိုးလေဝသဂြိုဟ်တုမှ ရိုက်ကူးပေးပို့သော မုန်တိုင်းဖြစ်ပေါ်မှုပြမြေပုံအား တွေ့ရစဉ်။

○ ရွှေဖုံးမှ

မုန်တိုင်းငယ်၏အရှိန်ကြောင့်ဧရာဝတီတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီး နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်သတိပြုရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

မုန်တိုင်းသတိပေးကြေညာချက်အား မြန်မာ့အသံရေဒီယို၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံတို့မှ ၁၅ မိနစ်လျှင် တစ်ကြိမ်၊ မြန်မာ့ရုပ်မြင်သံကြား(MRTV) မှ မိနစ် ၃၀ လျှင် တစ်ကြိမ် မပြတ်ထုတ်လွှင့်ပေးနေပါသည်။

သို့ဖြစ်ပါ၍ မုန်တိုင်းအန္တရာယ်ဖြစ်ပေါ်နိုင်သည့် ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် ရုပ်မြင်သံကြား၊ FM ရေဒီယိုများကို ကြည့်ရှုနားထောင်၍ မုန်တိုင်းအန္တရာယ်ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြပါရန်နှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ကမ်းနီးငါးဖမ်းလှေများ၊ ပြည်တွင်း/ ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအနေဖြင့်လည်း အဆိုပါ မုန်တိုင်းအန္တရာယ်မှ ရှောင်ရှားကာကွယ်နိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများတွင် အချိန်မီ ခိုလှုံကြပါရန်-

(က) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း (မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်)

(ခ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သပြုချိုင် (ANDREW BAY) (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်)

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်)

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်)

(င) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သင်္ဘောဆိပ် (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်)

(စ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် (မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်)

(ဆ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) (မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်)

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင်ချောင်းဝကျေးရွာ(မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်)

(ဈ) ဧရာဝတီတိုင်းဒေသကြီး ကဒုံကနိကျေးရွာ(မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်)

ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကမ်းနီးငါးဖမ်းရေယာဉ်များသည် ငါးဖမ်းဆီးထွက်ခွာခြင်းမပြုကြရန်နှင့် နီးစပ်ရာလုံခြုံသည့်ကျွန်းများတွင် ကျွန်းခိုကြရန်ဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ခေတ်မီဆန်စက်များ တည်ဆောက်ရေးနှင့် ဆန်စပါးကဏ္ဍ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၂

ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ခေတ်မီဆန်စက်များ တည်ဆောက်ရေးနှင့် ဆန်စပါးကဏ္ဍ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာများ၊ လယ်ယာကဏ္ဍဆိုင်ရာ အဆင့်မြင့်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးအပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။

ညှိနှိုင်းအစည်းအဝေးတွင် ဂျပန်နိုင်ငံ Mitsui ကုမ္ပဏီမှ Executive Managing Officer (Chief Operating Officer Food Resources Business Units) Mr. Kazuo NAKAYAMA က မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Mitsui ကုမ္ပဏီက ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရန် တတိယအကြိမ် လာရောက်ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ လယ်ယာစီးပွားအများပိုင်ကော်ပိုရေးရှင်းကုမ္ပဏီ(MAPCO)နှင့် ပူးပေါင်း၍ ဆန်စပါးကဏ္ဍအပါအဝင် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်သွားမည်ဖြစ်ရာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရန် ဆွေးနွေးသည်။

ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအား ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံမှ ဆန်စပါးများ ဂျပန်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဆန်စပါး အရည်အသွေးကို ဆန်စက်ကောင်းကောင်းဖြင့် အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ခြင်းအားဖြင့် အခြေခံစိုက်ပျိုးထုတ်လုပ်ကြသော တောင်သူများအတွက် ဝင်ငွေပိုမိုတိုးတက်ရရှိစေမည်ဖြစ်ပါကြောင်း၊ Mitsui ကုမ္ပဏီမှ ခေတ်မီဆန်စက်များတည်ဆောက်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံလယ်ယာစီးပွားအများပိုင် ကော်ပိုရေးရှင်းကုမ္ပဏီ (MAPCO) နှင့်ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုများအပေါ် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီစွာ အပြည့်အဝ အကူအညီပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်ဟု သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေး၏ သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် မေ ၂၂

(၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေး၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-II)၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဦးထင်ကျော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်တွင်း ပြည်ပမှ သတင်းမီဒီယာများ တက်ရောက်ကြသည်။

သတင်းစာ ရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က (၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများ၊ ရလဒ်များနှင့် အစည်းအဝေးမှ ထုတ်ပြန်နိုင်ခဲ့သည့် ပူးတွဲကြေညာချက်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဦးထင်အောင်က ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများက လူ့အခွင့်အရေးနှင့် အလုပ်သမား အခွင့်အရေးကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်နေမှု အခြေအနေ၊ အတည်ပြုပြဋ္ဌာန်းထားသည့် အလုပ်သမား ဥပဒေနှင့်ပတ်သက်၍ အာဆီယံစံချိန်စံညွှန်း အခြေအနေနှင့် အလုပ်သမားဥပဒေအား ပြင်ဆင်ရေးဆွဲမည့်အခြေအနေ၊ မိခင်နိုင်ငံသို့ ပြန်လာလိုသည့် ပြည်ပရောက်အလုပ်သမားများ၏ အာမခံချက်အခြေအနေ၊ ပြည်ပရောက် မြန်မာနိုင်ငံသားပညာရှင်များ ပြန်လာရန် စီမံဆောင်ရွက်မည့်အခြေအနေများ၊ ကျွမ်းကျင်စံကို ၂၀၁၅ ခုနှစ်အမီ ရေးဆွဲမည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

(၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေး ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ညပိုင်းတွင် အဆိုပါ ကွန်ဗင်းရှင်းဗဟိုဌာနရှိ Banquet Hall ၌ ကျင်းပသည်။

အဆိုပါ ညစာစားပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အလုပ်သမားဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံး၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

မောင်းမြမြို့ပေါ်ရပ်ကွက်များ၊ သင်္ဘောဆိပ်များ မုန်တိုင်းအန္တရာယ် သတိပေးနှိုးဆော်

မောင်းမြ မေ ၂၂

ဘင်္ဂလားပင်လယ်အော် အရှေ့ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ဂွမြို့၏ အနောက်တောင်ဘက် မိုင် ၁၆၀ ခန့်၊ ပုသိမ်မြို့၏ အနောက်-အနောက်တောင်ဘက် ၁၅၅ မိုင်ခန့်၊ စစ်တွေမြို့၏ တောင်- အနောက်တောင်ဘက် ၂၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုလျက်ရှိနေပြီး အဆိုပါ မုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ တိုင်းထွာချက်များအရ ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း မြန်မာနိုင်ငံကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းကြောင်း မိုးလေဝသနှင့် ဇလဗေဒမှ မုန်တိုင်းသတိပေးချက်များ ရရှိပြီးနောက် ဧရာဝတီတိုင်းဒေသကြီး မောင်းမြမြို့တွင် မေ ၂၂ ရက် ညနေ ၄ နာရီခွဲက အသံချဲ့စက်များဖြင့် မုန်တိုင်းအန္တရာယ် ကြိုတင်သတိပေးချက်များဖြင့် ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့တွင်း၊ မြို့ပေါ်ရှိ ရပ်ကွက်များနှင့် မရမ်းကုန်းရပ်ကွက် သင်္ဘောလေးဆိပ်၊ (၃)လမ်း သင်္ဘောလေးဆိပ်များတွင် မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ လိမ့်မော်ရောင်အဆင့်ရှိကြောင်း၊ အဆောက်အအုံ၊ လူနေအိမ်များ၊ ပြည်သူများ၊ ထိခိုက်ပျက်စီးမှု မရှိရေးအတွက် မုန်တိုင်းအန္တရာယ်သတိပြုကြစေလိုကြောင်း၊ သင်္ဘောများ၊ စက်လှေများ မုန်တိုင်းအန္တရာယ် ကြိုတင်သတိပြုကြစေလိုကြောင်းကို မောင်းမြခရိုင် ပြန်/ဆက်ဦးစီးဌာနမှ အသံချဲ့စက်များဖြင့် လိုက်လံနှိုးဆော်ကြိုတင်သတိပေးထားကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

မုန်တိုင်းသတိပေးချက်ကို ပြည်သူများသိရှိနိုင်ရန် ဆောင်ရွက်

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် ပညာအလင်းခေတ်မီစာကြည့်တိုက်ရှေ့ရှိ ကြေညာဘုတ်များတွင် မေ ၂၂ ရက် နံနက် ၁၁ နာရီတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် မုန်တိုင်းသတိပေးချက်ကို ပြည်သူများသိရှိနိုင်ရန်နှင့် မုန်တိုင်းကျရောက်ပါက မုန်တိုင်းတိုက်ခတ်နေစဉ်နှင့် တိုက်ခတ်ပြီးနောက် ဆောင်ရွက်ရမည့် အချက်များ၊မိုးကြိုးဘေးအန္တရာယ်ကျရောက်ပါက ဆောင်ရန်၊ ရှောင်ရန်အချက်များအား အသိပေးကြေညာထားမှုကို တွေ့ရသည်။ **(အပေါ်ပုံ)**

(အောင်ဇော်ထွေး)

●**အာဆီယံမှ**

လက်ထောက်ညွှန်ကြားရေးမှူးချုပ် အာဆီယံ အဆင့်မြင့် အလုပ်သမားအရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက (၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးသည် ၂၀၂၀ ပြည့်နှစ် အာဆီယံရည်မှန်းချက်အားထင်ဟပ်စေသည့် လုပ်ငန်းအစီအစဉ်အရ ချမှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ ပိုမိုကောင်းမွန်သည့် လူမှုရေးနှင့်စီးပွားရေးအခြေအနေများဖြစ်ပေါ်စေရေးကို ဦးတည်သဖြင့် အာဆီယံလုပ်သားထုတစ်ခုလုံးအတွက် အရေးပါ၍ အဓိပ္ပာယ်ပြည့်ဝသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ထို့အပြင် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးများသည် အာဆီယံပေါင်းစည်းမှု အစပြုရေးလုပ်ငန်းအစီအစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း။

အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ၏ ထောက်ပံ့ပေးမှုသည် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေး၏ လုပ်ငန်းအစီအစဉ်အတွင်း အရေးပါသည့် ဆောင်ရွက်ချက်များ အောင်မြင်ရေးအတွက် ဦးတည်နိုင်ခဲ့ပါကြောင်း၊ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ၏ အလုပ်သမားဝန်ကြီးများ အစည်းအဝေးပုံမှန်ကျင်းပခြင်းဖြင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေမည်ဟု ယုံကြည်ပါကြောင်း၊(၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများ အစည်းအဝေး၏ ဆောင်ပုဒ်ဖြစ်သည့် " ဟန်ချက်ညီမျှပြီး တိုးတက်သာယာဝပြောသော လုပ်ငန်းခွင်အတွက် ယှဉ်ပြိုင်နိုင်စွမ်းပြည့်ဝသော လုပ်သားထုဘဝ မြှင့်တင်ရေး"ဟူသည့် ဆောင်ပုဒ်သည် ဒေသတွင်းလုပ်သားအင်အား တိုးမြှင့်ရေးအတွက် တူညီသည့်ဆန္ဒကို ဖော်ညွှန်းနေပါကြောင်း၊ ၂၀၁၅ ခုနှစ်အတွင်း အာဆီယံအသိုက်အဝန်းပေါ်ပေါက်ရေး မျှော်မှန်းထားရာ ဤအစည်းအဝေး၏ဆောင်ပုဒ်အား သေချာစွာ ဂရုပြုရွေးချယ်ထားခြင်းဖြစ်ပါကြောင်း။

အာဆီယံဒေသတွင်း ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာရွှေ့ပြောင်းလုပ်ကိုင်နိုင်ရေးသည်လည်း အာဆီယံ၏ ရည်မှန်းချက်ပင်ဖြစ်ရာ ဒေသတွင်း၌ အရည်အသွေးပြည့်ဝပြီး တက်ကြွသည့် လုပ်သားထုရှိရမည်ဖြစ်သည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အသိအမှတ်ပြုလက်ခံသည့် တစ်ပြေးညီချမှတ်ထားသော သင်ရိုးညွှန်းတမ်းနှင့် စံများကိုအခြေခံသည့် ကျွမ်းကျင်မှုသင်တန်းဆိုင်ရာ အစီအစဉ်များရှိရမည်ဖြစ်ကြောင်း၊ ဒေသတွင်း ရွှေ့ပြောင်းအလုပ်သမားများကို အကာအကွယ်ပေးရေးသည် စေလွှတ်သည့်နိုင်ငံနှင့်လက်ခံသည့်နိုင်ငံ နှစ်နိုင်ငံစလုံး၏ တာဝန်ဖြစ်သည့်အတွက် ရွှေ့ပြောင်းအလုပ်သမား၏ အခွင့်အရေးများကို အကာအကွယ်ပေးရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ပါကြောင်း၊ သို့ရာတွင် အလုပ်ရှင်များ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် လိုအပ်ပါကြောင်း။

၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းထူထောင်ရေးအတွက် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေး စသည့်ဦးတည်ချက်များဖြင့် ကောင်းမွန်သည့် ရလဒ်များ၊ အကျိုးရှိသည့် ပြောင်းလဲမှုများကို ဤအစည်းအဝေးကြီးမှ ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး (၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

(သတင်းစဉ်)

(၂၃)ကြိမ်မြောက်အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၂

(၂၃)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးကို မေ ၂၂ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး အဆိုပါကြေညာချက်တွင် အာဆီယံ အလုပ်သမားဝန်ကြီးများက ၂၀၁၅ အာဆီယံအသိုက်အဝန်းကို ဦးတည်လျက် ယှဉ်ပြိုင်နိုင်စွမ်းပြည့်ဝသော အာဆီယံလုပ်သားအင်အားထုကို တည်ဆောက်ရာတွင် အလုပ်အကိုင်ဈေးကွက်သတင်းအချက်အလက်၊ လုပ်ငန်းနှင့်ကျွမ်းကျင်မှုမကိုက်ညီမှု၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝတစ်သက်တာလေ့လာသင်ယူမှု၊ ကျွမ်းကျင်မှုအသိအမှတ်ပြုခြင်းနှင့် နိုင်ငံအဆင့် အရည်အသွေးသတ်မှတ်ချက်များအပြင် အားထားလောက်သော လုပ်ငန်းခွင်ဆက်ဆံရေး တိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း။

ထို့ပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်မှုအား တိုးမြှင့်ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ သုံးပွင့်ဆိုင်မိတ်ဖက်များနှင့် အခြားသက်ဆိုင်သော အဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရန်ကိုလည်း ဆွေးနွေးခဲ့ကြကြောင်း။

ကြေညာချက်တွင် အာဆီယံအသိုက်အဝန်း၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်များချမှတ်နိုင်ရေးအတွက် အလုပ်သမားဝန်ကြီးများ၏ ထောက်ခံမှုကိုလည်း ဖော်ပြထားပြီး ပိုမိုကောင်းမွန်သောဘဝနှင့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်၊ စွမ်းရည်ပြည့်ဝသော အလုပ်အကိုင်၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးယှဉ်ပြိုင်နိုင်စွမ်းရှိသော လုပ်သားအင်အားထု၊ ကုန်ကျစရိတ်တတ်နိုင်ပြီး အသုံးပြုနိုင်သော အားလုံးအတွက် လူမှုရေး ကာကွယ်စောင့်ရှောက်မှုနှင့် ဟန်ချက်ညီမျှပြီး တိုးတက်မှုရှိသောလုပ်ငန်းခွင်တို့နှင့် စပ်လျဉ်းသည့် မျှော်မှန်းချက်ကို ဦးတည်သည့် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း၏ ၂၀၁၅ အလွန် မဟာဗျူဟာရည်ရွယ်ချက်များကို ချမှတ်ရန် အာဆီယံအဆင့်မြင့်အလုပ်သမားအရာရှိကြီးများအစည်းအဝေးကို တိုက်တွန်းထားသည်။

ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အလုပ်အကိုင်ဈေးကွက်သတင်းအချက်အလက်စနစ်များကို အားဖြည့်ဆောင်ရွက်ပေးရန်နှင့် အလုပ်သမားရေးရာနှင့်ဆက်စပ်နေသော လူမှုတာဝန်သိသည့် စီးပွားရေး လုပ်ငန်းကို ဒေသတွင်း၌မြှင့်တင်နိုင်ရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများ ကာကွယ်ရေးနှင့်မြှင့်တင်ရေး၊ အာဆီယံစာချုပ်စာတမ်းမူကြမ်းရေးဆွဲရေး၊ လုပ်ငန်းအဆင့်သတ်မှတ်ကာလနှင့် ပြီးမြောက်ရမည့်လုပ်ငန်းနယ်ပယ်နှင့်အညီ တိုးတက်ဆောင်ရွက်နိုင်မှုတို့ကို ဆွေးနွေးခဲ့ကြကြောင်းဖြင့် ဖော်ပြထားသည်။

အဆိုပါ ပူးတွဲကြေညာချက်အပြည့်အစုံ (မြန်မာ-အင်္ဂလိပ်)ကို ပြန်ကြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်များဖြစ်သော www.moi.gov.mm နှင့် www.moi.gov.mm/npe/ တို့တွင် ဖတ်ရှုနိုင်သည်။ **(သတင်းစဉ်)**

▼**အိန္ဒိယနိုင်ငံမှ**

အဆိုပါ အစည်းအဝေးကြီးသို့ အိန္ဒိယနိုင်ငံ၊ အာဆီယံနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အိန္ဒိယအနောက်မြောက်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး လက်ရှိအချိန်တွင် နည်းပညာပိုင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြရာ ၎င်းအစည်းအဝေးပွဲတွင် Open Sky Policy ဟုခေါ်သော ပွင့်လင်းသောကောင်းကင်ပေါ်လစီအမည်ဖြင့် အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများအကြား ရေလမ်းခရီးဆက်သွယ်နိုင်မှုကိုလည်း ဆွေးနွေးခဲ့ကြသည်။ ယင်းကဲ့သို့ စီစဉ်ခြင်းကြောင့် အိန္ဒိယ-မြန်မာစီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာဆက်ဆံမှုများပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံ မိုရေးမြို့နှင့် ထိုင်းနိုင်ငံ မဲဆောက်မြို့အကြား ဆက်သွယ်ရေးကို ဆောင်ရွက်ရန်မျှော်မှန်းထားပြီး ပင်လယ်ရေကြောင်းဖြင့် အိန္ဒိယနိုင်ငံ ကိုလ်းကတ္တားဆိပ်ကမ်းနှင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ စစ်တွေဆိပ်ကမ်းအကြား ရေကြောင်းခရီးဆက်သွယ်ရန် စီစဉ်ထားကြောင်းသိရသည်။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့်ကုန်းလမ်းဆက်သွယ်ရေး စီမံကိန်းကို မကြာမီနှစ်များအတွင်း အကောင်အထည်ဖော်ရန် လုပ်ဆောင်နေကြောင်း၊ အိန္ဒိယနိုင်ငံသည် ၂၀၀၉ ခုနှစ်က အာဆီယံကုန်သွယ်ရေးနှင့် ကုန်ပစ္စည်းများဆိုင်ရာ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးသည့်အပြင် ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို ယခုနှစ်အတွင်း လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။ **(ချင်းတွင်းသား)**

◆ **ယင်းချောင်းတံတားမှ**

အဆိုပါ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၃)မှ တာဝန်ယူတည်ဆောက်သော တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းပေါ်ရှိ ယင်းချောင်းတံတားသည် အရှည် ပေ ၃၂၀၊ အကျယ် ၂၄ ပေရှိကာ လူသွားလမ်း တစ်ဖက်လျှင် ၂ ပေ ၆ လက်မစီ ဆောင်ရွက်ထားရှိကြောင်း သိရသည်။ တံတားပေါ် ဖြတ်သန်းသွားလာကြသော ယာဉ်များအတွက် ယာဉ်တစ်စီးချင်းစီကို ခွင့်ပြုအလေးချိန် တန် ၆၀ သတ်မှတ်ထားရှိကာ တံတားအမျိုးအစားအရ သံကူကွန်ကရစ် အုတ်မြစ် Mini Bored Pile နှင့် သံကူကွန်ကရစ် ကိုယ်ထည်၊ ကြမ်းခင်းတို့ဖြစ်ကြောင်း သိရသည်။

တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းပေါ်၌ ရှိနေသော အဆိုပါ ယင်းချောင်းတံတားမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားသည် ယခင်မူလက သစ်သားတိုင်စင်၊သစ်သားကြမ်းခင်း ၁၂ ပေ အကျယ် ဘေလီတံတားအမျိုးအစားဖြစ်ခဲ့ကာ ယာဉ်တစ်စီးချင်းအလိုက် စောင့်ဆိုင်းဖြတ်သန်းနေရသဖြင့် အချိန်နှောင့်နှေး ကြန့်ကြာမှုများရှိခဲ့ကြောင်း သိရသည်။ ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၃)မှ စီစဉ်ဆောင်ရွက်လိုက်သော အဆိုပါ ယင်းချောင်းတံတားမှာ အသစ်တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ လမ်းအသုံးပြုနေကြသော ဒေသခံများနှင့် တကွ ယာဉ်ကြီး၊ ယာဉ်ငယ်များ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်းလည်း သိရသည်။ **(၀၄၀)**

○**ကျောဖုံးမှ**

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ရှန်ဂရီလာဟိုတယ်သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် မေ ၂၂ ရက်တွင် ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ် ဥက္ကဋ္ဌ Mr. Klaus Schwab က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးပြောကြားရာတွင် နိုင်ငံရေးတည်ငြိမ်မှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုသည် ဆက်စပ်လျက်ရှိပါကြောင်း၊ နိုင်ငံရေး မျက်နှာစာတွင် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်ချက်များအားလုံးသည် ပို၍ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှုရှိကာ အားလုံးအတူပါဝင်နိုင်သည့် ချဉ်းကပ်မှုပုံစံဖြင့် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှုသေချာစေရန်အတွက် မိမိတို့အနေဖြင့် ပိုမို၍ ကြိုတင်မျှော်မှန်းနိုင်သော နိုင်ငံရေးစနစ်ကို တည်ဆောက်လျက်ရှိပါကြောင်း၊ ပြည်သူများ၏ အခွင့်အရေးများကို မြှင့်တင်ရန်နှင့် ကာကွယ်ရန်၊ ခိုင်မာသည့် ဥပဒေများရှိနေရန် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူချိန်မှစပြီး ဥပဒေပြုရေးဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် အစိုးရအနေဖြင့် ပိုမိုရှင်သန်ခိုင်မာသည့် စီးပွားရေးအတွက် လိုအပ်သည့် အခြေခံပြုပြင်ပြောင်းလဲမှုများကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြင့်မားလာစေရန်နှင့် ပြည်သူလူထု၏ လူနေမှုစနစ်မြှင့်တင်ရန်အတွက် စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲရေး အခြေခံမူဘောင်ကို ပြည်သူဗဟိုပြုချဉ်းကပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စင်စစ်အားဖြင့် ယင်းမူဘောင်များမှာ အစိုးရ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန် ပထမဆုံးအရေးပါသည့် ကနဦးဆောင်ရွက်ချက်ဖြစ်ပါကြောင်း။

ထို့ပြင် အချို့သောအရေးပါသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများမှာ ပို၍တည်ငြိမ်သော နိုင်ငံခြားငွေလဲလှယ်နှုန်း၊ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများကို ဈေးကွက်စီးပွားရေးနှင့်အညီ ဆောင်ရွက်ခြင်း၊ ဗဟိုဘဏ်အား လွတ်လပ်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် ထူထောင်ခြင်း၊ ငွေကြေးနှင့် ဘဏ္ဍာရေး မူဝါဒသစ်များ ချမှတ်ခြင်းတို့ ပါဝင်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာ့ဘဏ်အဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကို အာရှဖွံ့ဖြိုးရေးဘဏ်တို့နှင့် ဆက်သွယ်မှုများ ပြန်လည်တည်ထောင်ခဲ့ပြီ ဖြစ်ပါကြောင်း။

ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဥပဒေနှင့်အညီ လုပ်ကိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကိုပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာမှုရှိသည့် လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်နေပြီဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးဝင်းမြင့်၊ ဦးဌေးအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံမှ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများကို ပါဝင်ရှင်းလင်းဆွေးနွေးကြရာ နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် မစ်ဆူဘီရှီကော်ပိုရေးရှင်းဘုတ်အဖွဲ့ဥက္ကဋ္ဌမစ္စတာရိုရီဟီကို ကိုဂျီးမားဦးဆောင်သောအဖွဲ့အား ရှန်ဂရီလာဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မစ်ဆူဘီရှီကော်ပိုရေးရှင်းအနေဖြင့် မြန်မာနိုင်ငံ၌ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတို့တွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်မှု အလားအလာများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးဝင်းမြင့်နှင့် ဒုတိယဝန်ကြီး ဦးသန့်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အခြေခံကဗျာလွတ်အက ဆင့်ပွားနည်းပြသင်တန်း(၁/၂၀၁၄)ဖွင့်

နေပြည်တော် မေ ၂၂

မြန်မာအကများ စနစ်တကျရှိစေရန် မြန်မာအကတို့၏ အခြေခံဖြစ်သော ကဗျာလွတ် ကကွက်များ နိုင်ငံတော်မှ ဖြစ်စေရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနက သတ်မှတ်ဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် လက်ဆင့်ကမ်း ဖြန့်ဝေသင်ကြား ထိန်းသိမ်းပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက မေ ၂၂ ရက် နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အခြေခံကဗျာလွတ်အက ဆင့်ပွားနည်းပြသင်တန်း (၁/၂၀၁၄)ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမ ၁၀၃ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ မေ ၂၂ ရက်မှ ၃၀ ရက်အထိဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

■**အပြည်ပြည်ဆိုင်ရာမှ**

အဖြစ်သတ်မှတ်ထားတဲ့ ရေတိမ်ဒေသဖြစ်ပါတယ်၊ သဘာဝအတိုင်း တည်ရှိနေတဲ့ ရေတိမ်ဒေသတွေကို လူသားတွေရဲ့ အကျိုးစီးပွားအတွက် အသုံးပြုရာမှာ အနာဂတ်မျိုးဆက်သစ်များအတွက် ရည်မှန်းထားပြီး ထာဝစဉ်တည်တံ့စေဖို့ ရေတိမ်ဒေသဂေဟစနစ်တွေရဲ့ သဘာဝဂုဏ်သတ္တိတွေကို သင့်လျော်တဲ့နည်းလမ်းတွေနဲ့ ထိန်းသိမ်းပြုပြင်သွားဖို့လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ အင်းလေးကန်ရေရှည် တည်တံ့ရေးအခြေအနေဟာ အင်းလေးကန်မှာရှိတဲ့ ဒေသခံတွေနဲ့ လူငယ်တွေရဲ့ လက်ထဲမှာပဲရှိတယ်ဆိုတာ သိစေချင်တဲ့အတွက် ယခုလို အသိပညာပေး ဆွေးနွေးဟောပြောရခြင်း ဖြစ်ပါတယ်"ဟု အင်းလေးကန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောသည်။

ဆွေးနွေးပွဲတွင် ညောင်ရွှေမြို့နှင့် အင်းလေးဒေသရှိ ခရီးသွားဧည့်လမ်းညွှန်များ၊ဒေသခံလူမှုအဖွဲ့အစည်းများ တက်ရောက်ပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ အင်းလေးကန်ဘေးမဲ့တောအတွင်း နို့တိုက်သတ္တဝါမျိုးစိတ် ၁၂ မျိုး၊ ကုန်းနေ၊ ရေနေသတ္တဝါ ၂၅ မျိုး၊ ငှက်မျိုးစိတ် ၃၄၅ မျိုး၊ လိပ်ပြာမျိုးစိတ် ၉၄ မျိုး၊ ငါးမျိုးစိတ် ၅၉ မျိုး၊ လိပ်သုံးမျိုး၊ ခရုမျိုးစိတ် ၂၀ ၊ သစ်မျိုးစိတ် ၈၆ မျိုး၊ သစ်ခွမျိုးစိတ် ၁၈၄ မျိုး၊ ဆေးဖက်ဝင်ပင် ၅၂၇ မျိုး၊ ရေညှိရေမှော် ၁၂ မျိုး၊ ဝါး ၁၁ မျိုး၊ ရေတိမ်ဒေသပေါက်ပင် ၄၁ မျိုး စသည့်ဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ကျက်စား ပေါက်ရောက်လျက်ရှိကြောင်း အင်းလေးကန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ **(နေမျိုးသူရိန်)**

ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်ဝစေဖို့ သဘာဝတောတွေထိန်းသိမ်းစို့

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းအခြေအနေများ

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားလှစွာသော နယ်နိမိတ်ချင်းထိစပ်လျက်ရှိရာ မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် ထိုင်းနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်၍ သွားရောက်လုပ်ကိုင်မှုမှာ အခြားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ခြင်းထက် ပိုမိုများပြားလျက်ရှိသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံသို့သွားရောက် အလုပ်လုပ်ကိုင်ရာတွင် တရားဝင်သွားရောက်လုပ်ကိုင်ခြင်းထက် တရားမဝင်သွားရောက်လုပ်ကိုင်ခြင်းက ပိုမိုများပြားသောကြောင့် လူမှောင်ခိုကူးခံရခြင်း၊ ငါးဖမ်းစက်လှေများတွင် ရောင်းစားခံရခြင်း၊ အလုပ်ရှင်များ၏ မတရားခေါင်းပုံဖြတ်ခံရခြင်း၊ ဖိနှိပ်ခံရခြင်း၊ ပွဲစားများ၏ လိမ်ညာလှည့်စားမှုခံရခြင်းစသည့် ဖိနှိပ်ချုပ်ချယ်မှုများကြောင့် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား တရားဝင်ဖြစ်စေရေးနှင့် ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားအသစ်များအား တရားဝင်လမ်းကြောင်းဖြင့် စေလွှတ်နိုင်ရေးအတွက် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံနှစ်နိုင်ငံ အလုပ်သမားရေးရာ ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ပြီး ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ သာမက ၎င်းတို့သားသမီးများ၏ အခွင့်အရေးများ၊ ကာကွယ်စောင့်ရှောက်မှုများနှင့် အကျိုးခံစားခွင့်များ ပိုမိုရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ တရားဝင်ဖြစ်စေရေးနှင့် ထိုင်းနိုင်ငံသို့ အလုပ်သမားအသစ်များအား တရားဝင်လမ်းကြောင်းဖြင့် စေလွှတ်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ထိုင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့အကြား အလုပ်သမားများခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၀၃ ခုနှစ် ဇွန်လတွင် ချုပ်ဆိုခဲ့သည်။ အဆိုပါ နားလည်မှုစာချွန်လွှာအရ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော အထောက်အထားမဲ့မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ၁၀-၇-၂၀၀၉ ရက်နေ့မှ စတင်၍ နယ်စပ်မြို့များဖြစ်သော တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့တို့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အထောက်အထားများ ထုတ်ပေးခဲ့သည်။

ထို့ပြင် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အထောက်အထားများ ထုတ်ပေးရာတွင် လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂-၃-၂၀၁၂ ရက်နေ့မှစ၍ ထိုင်းနိုင်ငံအတွင်းရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ အများဆုံးအလုပ်လုပ်ကိုင်လျက်ရှိသော ဘန်ကောက်၊ စမုစခွန် (မဟာချိုင်)၊ စမုပရာကန်၊ စူရတ်ဌာနီ၊ ချင်းမိုင်နှင့် ရနောင်းမြို့များတွင်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ပထုန်ဌာနီ၊ ကန်ချနဘူရီ၊ ချင်းရိုင်၊ တပ်ခ်၊ လရောင်၊ ခွန်ခမ်းနှင့်ဆောင်ခလာမြို့များတွင် လည်းကောင်း၊ အထောက်အထားများ ထုတ်ပေးရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ ၁၀-၇-၂၀၀၉ ရက်မှ ၁၁-၈-၂၀၁၃ ရက်အထိ မြန်မာအလုပ်သမား ၁၆၈၀၅၅၆ ဦးအား ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးပြီး တရားဝင်အလုပ်သမားများ ဖြစ်လာစေရေး အတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၀၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော ထိုင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့အကြား အလုပ်သမားများခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ထိုင်းနိုင်ငံသို့ အလုပ်သမားသစ်များ တရားဝင်စေလွှတ်ရေးကို ၂၀၁၀ ပြည့်နှစ် ဇွန်လမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် ဧပြီလအထိ မြန်မာအလုပ်သမား ၉၂၉၉၆ ဦးကို စေလွှတ်နိုင်ခဲ့ပြီးဖြစ်သည်။

ထိုင်းနိုင်ငံသို့ မြန်မာရွှေ့ပြောင်းအလုပ်သမားများ တရားဝင်စေလွှတ်ရာတွင် ပိုမိုအကာအကွယ်ပေးနိုင်ရေး အတွက် ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစတင်၍ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ကုမ္ပဏီများဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ရာ ယခုအချိန်ထိ ထိုင်းနိုင်ငံသို့ အလုပ်သမားစေလွှတ်ခွင့်ရသည့် ကုမ္ပဏီပေါင်း ၆၆ ခု ရှိနေပြီဖြစ်သည်။

ထို့ပြင် လူမှောင်ခိုမှုမှ ကင်းဝေးစေရန်သော်လည်းကောင်း၊ လူပွဲစားများ၏ ခေါင်းပုံဖြတ်ခံရခြင်း၊ လိမ်ညာခံရခြင်းမှ ကင်းဝေးစေရန်သော်လည်းကောင်း ရည်ရွယ်၍ ထိုင်းနိုင်ငံသို့ အလုပ်သမားများစေလွှတ်ရန်အတွက် မြန်မာနိုင်ငံတစ်ဝန်းတွင် လူစုဆောင်းခွင့်ကို သက်ဆိုင်ရာကုမ္ပဏီများမှ တင်ပြလာသော နယ်ကိုယ်စားလှယ်များကိုသာ ဒေသအလိုက် ခွင့်ပြုထားသည်။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် လူစုဆောင်းခွင့် လျှောက်ထားခြင်းမရှိဘဲ လူစုဆောင်းခြင်း၊အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ ထုတ်ပေးထားသော ကုမ္ပဏီလိုင်စင်မရှိဘဲ လူစုဆောင်းခြင်းနှင့် အလုပ်ခေါ်စာမရှိဘဲ လူစုဆောင်းခြင်း၊ လိမ်ညာ၍ အလုပ်သမားစေလွှတ်ခြင်းတို့အတွက် သက်ဆိုင်ရာဥပဒေများအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်လိုသည့် မြန်မာအလုပ်သမားများအနေဖြင့် တရားဝင် ကုမ္ပဏီများနှင့်သာ ဆက်သွယ်ဆောင်ရွက်သင့်ပြီဖြစ်သည်။ တရားဝင်သွားရောက်သော အလုပ်သမားဖြစ်ပါက နှစ်နိုင်ငံအစိုးရ၏ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသော အခွင့်အရေးများကို အပြည့်အဝ ခံစားရမည်ဖြစ်သည့်အပြင် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အလုပ်သမားသံအရာရှိနှင့် တာဝန်ယူစေလွှတ်ခဲ့သော သက်ဆိုင်ရာကုမ္ပဏီများက လိုက်လံဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အလုပ်သမားအခွင့်အရေးများ တရားဝင်ရရှိရန်အတွက် ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသော အလုပ်သမားများအနေဖြင့် လိုင်စင်ရကုမ္ပဏီများနှင့်သာ ဆက်သွယ်ဆောင်ရွက်ရန်နှင့် ကြားပွဲစားများဖြင့်ဆောင်ရွက်ခြင်း လုံးဝမပြုမိရန် သတိပြုရမည်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ရောက်ရှိလုပ်ကိုင်နေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ တရားဝင်ဖြစ်စေရေး အတွက် ၂၀၀၉ ခုနှစ်မှစတင်၍ အထောက်အထားများ ထုတ်ပေးခဲ့ရာ ယခုအခါတွင် ပြည်ဝင်ခွင့်ဗီဇာသက်တမ်း လေးနှစ်ပြည့်ပြီးသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပြည်ဝင်ခွင့်ဗီဇာသက်တမ်းတိုးနိုင်ရေးကို မြန်မာနိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုင်းနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ထိုင်းနိုင်ငံတွင် ရောက်ရှိလုပ်ကိုင်နေသော နိုင်ငံခြားသား အလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံတွင် လေးနှစ်နေထိုင်ပြီးပါက မိမိနိုင်ငံသို့သုံးနှစ်ပြန်လည် ဝင်ရောက်ရမည်ဖြစ်သည်။ သို့သော် နှစ်နိုင်ငံ ညှိနှိုင်းအစည်းအဝေးများ၌ အဆင့်ဆင့်ညှိနှိုင်းဆွေးနွေးခဲ့မှုများအရ ထိုင်းနိုင်ငံတွင် ရောက်ရှိလုပ်ကိုင်နေသော ပြည်ဝင်ခွင့်ဗီဇာလေးနှစ်ပြည့်ပြီးသော မြန်မာရွှေ့ပြောင်း အလုပ်သမားများသည် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် မလိုအပ်ဘဲ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးတွင် နိုင်ငံသား စိစစ်ခြင်းနှင့် နိုင်ငံကူးလက်မှတ်ပြုလုပ်ရန် လျှောက်ထား နိုင်ပြီး မယ်ဆိုင်၊ မဲဆောက်နှင့် ရနောင်းမြို့များရှိ နယ်စပ်စခန်းများတွင် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြားနှင့် ပြည်ဝင်ခွင့်ဗီဇာသက်တမ်းတိုးခြင်းလုပ်ငန်းများကို သွားရောက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ရောက်ရှိလုပ်ကိုင်နေသာ ပြည်ဝင်ခွင့်ဗီဇာသက်တမ်းလေးနှစ်ပြည့်ပြီးသည့် မြန်မာအလုပ်သမားများအနက် နိုင်ငံသားအထောက်အထားများဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူမတင်ပြနိုင်သော အလုပ်သမားများသည် မြန်မာနိုင်ငံသို့ပြန်၍ နိုင်ငံသားအထောက်အထားများပြုလုပ်ပြီး နိုင်ငံကူးလက်မှတ်ပြုလုပ်ရမည်ဖြစ်ပါသည်။ ထို့နောက် ထိုင်းနိုင်ငံသို့ပြန်လည်ဝင်ရောက်ပြီး ထိုင်းနိုင်ငံအတွင်းရှိမယ်ဆိုင်၊ မဲဆောက်နှင့် ရနောင်းမြို့များတွင် ဖွင့်လှစ်ထားသော One-Stop-Service Center များတွင် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြားနှင့်ပြည်ဝင်ခွင့်ဗီဇာသက်တမ်းတိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါ အလုပ်သမားများအနေဖြင့် နိုင်ငံကူးလက်မှတ်ထုတ်ယူရာတွင် အဆင်ပြေချောမွေ့လျင်မြန်စွာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများပါဝင်သော ပေါင်းစပ်အဖွဲ့အား ၅-၅-၂၀၁၄ ရက်နေ့မှစ၍ ထိုင်း-မြန်မာနယ်စပ်မြို့များဖြစ်သော တာချီလိတ်၊ မြဝတီ၊ ကော့သောင်းမြို့များသို့ စေလွှတ်၍ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးများကို ၂၀၁၄ ခုနှစ် မေလ ပထမပတ်တွင် စတင်ဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အထက်ဖော်ပြပါ လုပ်ငန်းစဉ်အား အချိန်အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ အလုပ်သမားများအနေဖြင့် သတင်းအချက်အလက်များ သိရှိလိုလျှင်သော်လည်းကောင်း၊ အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရှိ ရွှေ့ပြောင်းလုပ်သားဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၁၈၃၊ ၄၃၀၁၈၅၊ Complaint Mechanism (နေပြည်တော်)ဖုန်း-၀၆၇-၄၃၀၁၈၄၊ ၄၃၀၂၈၄၊ Complaint Mechanism (ရန်ကုန်) ဖုန်း-၀၁-၆၅၀၀၈၉၊ ၆၅၀၁၈၇ များနှင့် ထိုင်းနိုင်ငံဆိုင်ရာအလုပ်သမားသံအရာရှိ(၀၀၆၆ ၈၆၇ ၇၄၆ ၈၂၅)ထံသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(ဖဲကြိုး၀ါ)

ကမာရွတ်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းမတွင် မေ ၂၂ ရက် ညနေ ၃ နာရီ ခွဲခန့်က ပါရမီယာဉ်လိုင်းမှ အဓိပတိခရီးသည်တင် မော်တော်ယာဉ်သည် လှည်းတန်းမီးရထား ခုံးကျော်တံတားအဆင်း ကမာရွတ်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းပလက်ဖောင်းပေါ် ကျော်တက်၍လျှပ်စစ်မီးတိုင်တစ်တိုင်အား ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် လျှပ်စစ်မီးတိုင်တစ်တိုင်ပြိုလဲခဲ့ပြီး ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ **(၀၄၈)**

စကြံ့လမ်းပိတ်ဆို့နေသည့် ဖုန်းရုံ

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ကမ္ဘာအေးစေတီရှေ့ ဘတ်စ်ကားမှတ်တိုင်အနီးတွင် စင်္ကြံပလက်ဖောင်းအားပိတ်ဆို့၍ ဖုန်းရုံ တည်ဆောက်ထားသဖြင့် ခရီးသွားများ ယာဉ်သွားလမ်းပေါ်မှ သွားလာနေရသည်။ အဆိုပါလမ်းသည် ခြောက်လမ်းသွားလမ်းဖြစ်ခြင်း၊ ယာဉ်မရပ်ရ ဇုန်သတ်မှတ်ထားခြင်း၊ ယာဉ်သွားယာဉ်လာများပြားလာသဖြင့် ခရီးသွားများအတွက် ယာဉ်အန္တရာယ်ကျရောက်နိုင်ခြင်းတို့ကြောင့် ဖုန်းရုံအား သင့်တော်ရာနေရာသို့ ဖယ်ရှားပေးစေလိုကြောင်း ခရီးသွားများက ဆိုသည်။ **(၅၉၇)**

ပရီမီယာလိဂ်နှင့် ဗြိတိသျှကောင်စီတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ဘောလုံးသင်တန်းပေး

ရန်ကုန် မေ ၂၂

ပရီမီယာလိဂ်နှင့် ဗြိတိသျှကောင်စီတို့ပူးပေါင်းဖွင့်လှစ်သည့် Premier Skills ဘောလုံးသင်တန်းကို ရန်ကုန်မြို့ရှိ သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်းတွင် မေ ၂၀ ရက်မှ ၂၆ ရက်အထိ သင်တန်းပို့ချနေကြောင်း ဗြိတိသျှကောင်စီ (မြန်မာ)၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သင်တန်းတွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင် စသောဒေသအသီးသီးရှိ ဘောလုံးအသင်းများမှ နည်းပြနှင့်ဒိုင်လူကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘောလုံးကလပ်အသင်းများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းမှ ရွေးချယ်ထားသော အခြေခံအဆင့် ဘောလုံးနည်းပြ/ဒိုင်လူကြီး ၄၈ ဦးကို ဗြိတိသျှကောင်စီ၊ ပရီမီယာလိဂ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့၏ စီစဉ်မှုဖြင့် Premier Skills နည်းပြချုပ်ဖြစ်သူ Jeremy Weeks က နည်းပြချုပ်အဖြစ်တာဝန်ယူဦးဆောင်ကာ အာဆင်နယ်မှ Steve Eadons၊ နယူးကာဆယ်မှ Andrew Fosters၊ စတုတ်စီးတီးမှ Matthew Hill တို့က ပံ့ပိုးသင်ကြားပေးခြင်းဖြစ်ကြောင်းသိရသည်။

ထို Premier Skills သည် ကမ္ဘာတစ်ဝန်းရှိ လူငယ်များ၏ တောက်ပသောအနာဂတ်တစ်ခုကို ဘောလုံးဖြင့် တည်ဆောက်နိုင်ရန် အားပေးခြင်းဖြစ်ပြီး လူ့အသိုက်အဝန်းအတွင်းမှ ချို့တဲ့သူများလူမှုပတ်ဝန်းကျင်၌ ပါဝင်နိုင်ရန် အခွင့်အလမ်းများ ယူဆောင်လာခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများသင်ကြားပေးခြင်း၊ မိမိကိုယ်ကိုတန်ဖိုးထား တတ်သောစိတ်ဓာတ်များမြှင့်တင်ပေးခြင်း စသောစွမ်းရည်များကိုတည်ဆောက်ပေးလျက်ရှိသည်။

“နောင်နှစ်နှစ်အတွင်းမှာ ဒေသခံနည်းပြတချို့ကို အမာခံအနေနဲ့လေ့ကျင့်ပေးပြီးမှ သူတို့က ပြန်လည်ဆင့်ပွားသင်တန်းများပေးခြင်းဖြင့် Premier Skills အစီအစဉ်တွေဟာ မြန်မာနိုင်ငံမှာရေရှည်တည်တံ့ဖို့ လုပ်ဆောင်သွား ဖို့ ရှိပါတယ်”ဟု ပရီမီယာလိဂ်၏ အမှုဆောင်ချုပ် Richard Scudamore က ပြောကြားသည်။

ထို့Premier Skills အစီအစဉ်အရ ၂၀၁၄ ခုနှစ်အထိ အာရှ၊ အာဖရိက၊ အမေရိကစသော ဒေသတို့တွင်ရှိသည့် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ နည်းပြနှင့်ဒိုင်လူကြီး ၂၃၀၀ ခန့်ကို သင်တန်းပို့ချခဲ့ပြီးဖြစ်သလို ၎င်းတို့မှတစ်ဆင့် လူငယ်လူရွယ် ပေါင်း ၅၀၀၀၀၀ ခန့်မှာ အကျိုးရလဒ်များခံစားနေရပြီဖြစ်သည်။ ယခုသင်ကြားမှုကြောင့် အခြေခံအဆင့် သင်တန်းသားများသည် Premier Skills နည်းပြများထံမှ မိမိတို့ဒေသတွင်း ဘောလုံးစီမံကိန်းများကို ကိုယ်တိုင်ဆောင်ရွက် နိုင်စွမ်းရှိမည့် ကျွမ်းကျင်အဆင့် ပံ့ပိုးမှုများကို ရရှိမည်ဖြစ်ကြောင်းသိရသည်။ **ထက်ခိုင်(စမ်းချောင်း)**

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ ဒုတိယအကြိမ်မြောက် အသင်းနှစ်ပတ်လည် အစည်းအဝေး၊ မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်နှင့် ဧအောင်မြင်သူတို့၏ သူတို့နှင့်စာပေ ဟောပြောပွဲအခမ်းအနားအတွက် စာပေတိုက်များမှ ဆိုင်ခန်းနေရာများ စာရင်းပေးသွင်း၍ မဲနှိုက်နိုင်ရန် ဖိတ်ခေါ်ခြင်း

[illegible]

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း

မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် VOLVO Group စိတ်ဝင်စားနေ

သတင်းနှင့် ဓာတ်ပုံ
သက်ထွေး

VOLVO GROUP ၏ VOLVO FH၊ VOLVO FM၊ VOLVO FMX ယာဉ်များ အာရှ-ပစိဖိတ်ဒေသတွင် စတင်ဖြန့်ချိခြင်းနှင့် စမ်းသပ်မောင်းနှင်ခြင်းလှုပ်ရှားမှုများကို မေ ၁၅ ရက်မှ ၁၈ ရက်ထိ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ VOLVO GROUP မှထုတ်လုပ်သည့် စက်ပစ္စည်းများကို ဝယ်ယူအားပေးသူ စီးပွားရေးလုပ်ငန်းရှင်များ၊ လေ့လာသူများနှင့် မီဒီယာသမားများ သွားရောက်လေ့လာခဲ့ကြသည်။

မေ ၁၆ ရက်က ယာဉ်မောင်းနှင်မှုသီအိုရီများ၊ ယာဉ်ကို ကိုင်တွယ်မောင်းနှင်ပုံနည်းလမ်းများ၊ လက်တွေ့စမ်းသပ်မောင်းနှင်ခြင်း၊ ဆီစားသက်သာမှု၊ ကုန်ထုတ်လုပ်မှုစွမ်းရည်နှင့် ဘေးကင်းလုံခြုံမှုအခြေအနေများအား လက်တွေ့ရှင်းလင်းပြသမှုများကို လုပ်ဆောင်ခဲ့ကြသည်။

"VOLVO Dynamic Series ယာဉ်တွေဟာ ထိန်းသိမ်းကိုင်တွယ်ရ၊ မောင်းနှင်ရ လွယ်ကူပါတယ်။ မောင်းနှင်တဲ့သူအတွက် သက်သောင့်သက်သာရှိပါတယ်။ ဂီယာချိန်းစရာမလိုဘဲ အော်တို ဂီယာဘောက်စ်ပါတဲ့ IShift နည်းပညာအသုံးပြုထားပါတယ်"ဟု အာရှ-ပစိဖိတ်ဒေသ အတွက် VOLVO မှထုတ်လုပ်သည့် ယာဉ်များကို ဝယ်ယူသူများအား အသုံးပြုပုံနှင့် လိုအပ်သည်များထောက်ပံ့ရေး ဆက်သွယ်ရေး အရာရှိတစ်ဦး ဖြစ်သူ မစ္စတာ မာတင်က ပြောကြားသည်။

VOLVO မှထုတ်လုပ်သည့်ယာဉ်များကို ဩစတြေးလျ အပါအဝင် အာရှဒေသရှိ နိုင်ငံ ၂၅ နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်းလည်း သိရသည်။

စမ်းသပ်မောင်းနှင်ခြင်းလှုပ်ရှားမှုများကို မေ ၁၆ ရက်က ပြုလုပ်ခဲ့ရာ "ကျွန်တော် အရင်က တစ်ခါမှ ကားမမောင်းဖူးပါဘူး။ ဒီမှာ ယာဉ်မောင်းကျွမ်းကျင်သူတစ်ဦးက ဘေးမှာထိုင်ပြီး မောင်းနှင်ပုံကို ပြသပေးလို့ VOLVO FMX ယာဉ်ကို ကိုယ်တိုင်မောင်းနှင်ကြည့်တော့ အရမ်းကောင်းပါတယ်။ မောင်းနှင်ရသူအတွက် အရမ်းအဆင်ပြေပါတယ်"ဟု VOLVO FMX ယာဉ်ကို ကိုယ်တိုင်စမ်းသပ်မောင်းနှင်ကြည့်ခဲ့သူတစ်ဦးက ပြောသည်။

VOLVO Group အနေဖြင့် မြန်မာနိုင်ငံ၌ အနာဂတ်ကာလတွင် ရင်းနှီးမြှုပ်နှံမည့်အခြေအနေနှင့်ပတ်သက်၍ VOLVO Group ဥက္ကဋ္ဌ မစ္စတာ Jacques Michel က ပြောကြားရာတွင် "VOLVO က ထုတ်တဲ့ယာဉ်တွေ မြန်မာနိုင်ငံကို တင်သွင်းနိုင်ဖို့ ပစ်မှတ်ထားတဲ့ အချက်နှစ်ချက်ရှိပါတယ်။ ပထမအချက်အနေနဲ့ မြန်မာနိုင်ငံမှာ သတ္တုတွင်းလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို ပစ်မှတ်ထားရင်းနှီးမြှုပ်နှံဖို့ ရည်ရွယ်ထားပါတယ်။ ဒုတိယအချက်အနေဖြင့် မြန်မာနိုင်ငံတွင် ရန်ကုန်မှ နေပြည်တော်၊ နေပြည်တော်မှ မန္တလေး အပြန်အလှန်ကုန်စည်ကူးသန်းရောင်းဝယ်လျက်ရှိသည့် အဝေးပြေးလမ်းမကြီးများရှိ၍ ခရီးဝေးကုန်စည် သယ်ယူပို့ဆောင်နိုင်သည့်ယာဉ်များ တစ်နေ့တခြားပိုမိုလိုအပ်လျက်ရှိပါတယ်"ဟု ၎င်းက ပြောကြားသည်။

သတ္တုတွင်းလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် FMX ယာဉ်များအသုံးပြုရန် သင့်လျော်ကြောင်းနှင့် FH ယာဉ်များကို ခရီးဝေးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်ပိုမိုသင့်လျော်ကြောင်း မစ္စတာ Michel က ပြောကြားသည်။ မြန်မာနိုင်ငံရှိ သတ္တုတွင်းလုပ်ငန်းများတွင် VOLVO မှ ထုတ်လုပ်သည့် ယာဉ် ၇၀၀ ကျော်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေကြောင်းလည်းသိရသည်။ ထို့ကြောင့် VOLVO Group အနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုမှာ ကာလရှည်ကြာခဲ့ပြီ ဖြစ်သည်ဟုလည်း ဆိုသည်။

အိမ်နီးချင်း ထိုင်းနိုင်ငံတွင် VOLVO Group ၏ စက်ရုံတည်ရှိခြင်းကြောင့် မြန်မာနိုင်ငံတွင် လိုအပ်သည့် ယာဉ်များကို ထိုင်းနိုင်ငံမှ တင်ပို့ပေးမည်ဖြစ်ပြီး VOLVO Group အနေဖြင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ စက်ရုံတည်ဆောက်ရန် အစီအစဉ်မရှိသေးကြောင်းလည်း ၎င်းက ပြောကြားသည်။

"မြန်မာနိုင်ငံက UMG Myanmar ကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကျွန်တော်တို့ သဘောတူညီထားပါတယ်။ ယခုနှစ် စက်တင်ဘာလနဲ့ အောက်တိုဘာလအတွင်းမှာ VOLVO Group ရဲ့ ရုံးခွဲကို ရန်ကုန်မြို့မှာ ဖွင့်လှစ်ထားရှိဖို့စီစဉ်ထားပါတယ်။ VOLVO က ထုတ်လုပ်တဲ့ စက်ပစ္စည်းတွေကို ဝယ်ယူအသုံးပြုသူတွေအတွက် ထုတ်ကုန်ပစ္စည်းမှန်ကန်မှုရှိစေရေးနဲ့ လိုအပ်တာတွေ ပံ့ပိုးပေးနိုင်ရေးအတွက် UMG Myanmar ကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ"ဟု မစ္စတာ Michel က ပြောကြားသည်။

VOLVO FMX ယာဉ်၏ ဘေးကင်းလုံခြုံမှုအခြေအနေကို လက်တွေ့သရုပ်ပြသစဉ်။

မေ ၁၆ ရက်အထိ အသစ်စီမံထုတ်လုပ်လိုက်သည့်ယာဉ်များအား ဝယ်ယူသူများအနေဖြင့် ကျေနပ်အားရမှုရှိခြင်းကြောင့် VOLVO FH နှင့် FMX ယာဉ်အစီးရေ ၂၅၀ ကျော် ဝယ်ယူရန်အမှာစာ ရရှိထားပြီးဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်အတွင်း အသစ်စီမံထုတ်လုပ်ထားသည့် VOLVO FH နှင့် FMX ယာဉ်အစီးရေ ၂၅ စီးမှ ၃၀ အထိဝယ်ယူသွားရန်အစီအစဉ်ရှိကြောင်း UMG Myanmar ကုမ္ပဏီမှ စီအီးအို ဦးကီဝီက ပြောကြားသည်။

မြန်မာနိုင်ငံသည် အိန္ဒိယ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေးမဟာဗျူဟာအချက်အချာ နေရာတွင်တည်ရှိ၍ အနာဂတ်ကာလတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုတွင်ကျယ်လာနိုင်ခြင်းကြောင့် VOLVO Group အနေဖြင့် မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ VOLVO Group (ရုံးခွဲ)ရှိ VOLVO မှ ထုတ်လုပ်သည့်ယာဉ်များကို တွေ့ရစဉ်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၅-၂၀၁၄ (သောကြာနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၆း၃၀	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ၊ အက
၆း၅၀	"သာသနာတစ်ခေတ်ဖူးတွေ့ခဲ့သည့် ရှေးဟောင်းရုပ်ပွားတော်(၃၀၁)ဆူ"
၇း၀၀	နံနက်ခင်းသတင်း ပြည်တွင်းမိုးလေဝသအခြေအနေ
၇း၄၀	"ရှင်နှောင်းကျောင်းရောက်ပြီ"
၁၁း၁၀	ဉာဏ်ရည်ချင်းပြိုင် ဘယ်သူနိုင်
၁၂း၃၀	ဆေးရောင်စုံရုပ်ရှင်"ကတ္တီပါကားအဖွင့်" (စိုးသူ၊ တင်တင်ညို၊ မေသန်းနု) (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၂း၃၀	တေးဂီတအစီအစဉ်
၄း၁၅	အတီးပြိုင်ပွဲ
၄း၃၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (စိတ်ပညာအထူးပြု)(စိတ်ပညာ)
၄း၄၅	"ပေါင်ပေါ်ကျတဲ့ မီး"
၅း၁၅	နှောင်းခေတ်တေးပဒေသာ
၆း၃၀	ချစ်သော ဤကမ္ဘာမြေ
၇း၂၀	"ပြည်ထောင်စုထဲက ပအိုဝ်း"
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ -တရုတ်-မြန်မာယဉ်ကျေးမှုအနုပညာခံစားခြင်းဖျော်ဖြေတင်ဆက်ပွဲအခမ်းအနား"

ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကြီး၏ စာပေလှုပ်ရှားမှုများ၊ စာအုပ်တိုက်များနှင့်အတူ ပူးပေါင်း၍ စာအုပ်ဈေးပွဲတော် ကျင်းပခွင့်များကို အစဉ်ဖြိုးလှိုင်းခွင့်ပေးခဲ့သည့် ... ၈-၅-၂၀၁၄ ... ရန်ကုန်မြို့ အမှတ် ၅၅ ပြည်လမ်း၊ ဒဂုံမြို့နယ်ရှိ TAWWIN GARDEN HOTEL အား ... မြန်မာနိုင်ငံသားပိုင် ... မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကြီးမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃(သမိုင်း)၊ မြေကွက်အမှတ်-၄၆၊ ဧရိယာ (၀. ၁၅၅)ဧကရှိ အိမ်ရာမြေကွက်နှင့် မြေကွက်တည်ရှိရာအမှတ်(၂၅)၊ သာယာကုန်းလမ်း၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ယမင်းလှိုင်[၉/မကန(နိုင်)၀၆၄၃၇၃]ထံမှ ကျွန်မ၏မိတ်ဆွေက အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပထမအရစ်စရန်ငွေအဖြစ် ပေးချေ၍ အရောင်းအဝယ်ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၊ အဆောက်အအုံနှင့် ပတ်သက်၍ သက်ဆိုင်သူ အကျိုးခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသော တရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်လှတင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၄၅)
အမှတ်-၈၅(မြေညီထပ်)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၁၂၄၄

ရန်ကုန်-မန္တလေး အမြန်လမ်းသွားခရီးသည်တင်ယာဉ်ကြီးများ စစ်ဆေး

ရန်ကုန် မေ ၂၂

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ခရီးသွားပြည်သူများ အသက်အန္တရာယ် လုံခြုံရေးအတွက် ခရီးသည်တင်အဝေးပြေးယာဉ်ကြီးများအား အထူးကြပ်မတ်စစ်ဆေးလျက်ရှိရာ ရန်ကုန်၌ မေ ၁၇ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး မေ ၁၇ ရက်တွင် ခရီးသည်တင်အဝေးပြေးယာဉ်ကြီး ၆၉ စီး၊ မေ ၁၈ ရက်တွင် ၁၅၈ စီး၊ မေ ၁၉ ရက်တွင် ၁၇၈ စီးတို့ကို စစ်ဆေးမှုများ ပြုလုပ်နိုင်ခဲ့သည်ဟု သိရသည်။

စစ်ဆေးမှုကို နံနက် ၆ နာရီမှ ည ၁၀ နာရီအထိ ကညန၊ ပို့/ဆက်၊ အမြန်လမ်းရဲတပ်ဖွဲ့၊ ယာဉ်ထိန်း၊ မထသ (ဗဟို/အဝေးပြေး)၊ မီးသတ်တို့မှ တာဝန်ရှိသူများက မိုင်တိုင်အမှတ် (၀/၂) တွင်အထူးစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အဝေးပြေးခရီးသည်တင် မော်တော်ယာဉ်များကို စစ်ဆေးရာ၌ ယာဉ်အခြေအနေ မျက်မြင်စစ်ဆေးချက် ၁၂ ချက်၊ ယာဉ်မောင်းအခြေအနေ စစ်ဆေးချက် ၁၁ ချက်တို့ဖြင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ဆေးပြီးခဲ့သောရက်များအထိ ယာဉ်မောင်းသတ်မှတ်လိုင်စင်မပြည့်စုံခြင်း၊ လုပ်ငန်းလိုင်စင် စာရွက်စာတမ်းမပါရှိခြင်း၊ ယာဉ်လိုင်စင်မပါရှိခြင်း စသည့် အဓိကအားနည်းချက်များကို တွေ့ရှိရပြီး ခရီးသည်များအနေဖြင့် ညွှန်ကြားထားသော ခါးပတ်များပတ်ထားမှုမရှိခြင်းများကို စစ်ဆေးတွေ့ရှိနေကြောင်း သိရသည်။

ကညန ညွှန်ကြားရေးမှူး ဦးကျော်အေးလွင်က "အခုက ပညာပေးကာလဖြစ်ပါတယ်။ လိုအပ်ချက်တွေရှိရင် အမြန်ဆုံးပြုပြင်ဖို့ ညွှန်ကြားပေးပါတယ်။ ရောက်လေရာမှာ လိုက်နာမှုမရှိရင် သတ်မှတ်စည်းမျဉ်းစည်းကမ်း ဖောက်ဖျက်မှုအရ အရေးယူဆောင်ရွက်သွားနိုင်ပါတယ်"ဟု ဆိုသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ယခုလကုန်တွင် ပရိသတ်ထံသို့ ရောက်ရှိလာမည့် ZE:A ၏ မီနီအယ်လ်ဘမ်

တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ ZE:A က ပရိသတ်များမျှော်လင့်နေကြသည့် ၎င်းတို့၏ အယ်လ်ဘမ်အသစ်ကို ယခုလကုန်ပိုင်းတွင် ပရိသတ်ထံသို့ ချပြသွားနိုင်ရန် စီစဉ်ထားကြောင်းနှင့် ၎င်းတို့အဖွဲ့အနေဖြင့်လည်း ယင်းအယ်လ်ဘမ်သစ်အတွက် များစွာစိတ်လှုပ်ရှားလျက်ရှိပါကြောင်း စတားအင်ပါယာ အင်န်တာတိန်းမန့်က ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ ကြေညာချက်တွင် အသစ်ထွက်ရှိလာမည့် အယ်လ်ဘမ်မှာ မီနီအယ်လ်ဘမ်ဖြစ်ပြီး ယခုလက်ရှိတွင် ZE:A အဖွဲ့သည် ယင်းအယ်လ်ဘမ်အတွက် အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပါရှိသည်။

လူငယ်အမျိုးသား ပေါ့ပ်တေးသံရှင်ကိုးဦးဖြင့်ဖွဲ့စည်းထားသည့် အဆိုပါ ZE:A သည် ယမန်နှစ် ဩဂုတ်လအတွင်းက Illusion အမည်ရှိ အယ်လ်ဘမ်သစ်ထွက်ရှိခဲ့ပြီး ၁၀ လခန့်ကြာမှ ထပ်မံထွက်ရှိလာမည့် အယ်လ်ဘမ်သစ်အတွက် အထူးကြိုးစားပြင်ဆင်လျက် ရှိကြောင်း သိရသည်။

မျိုးစန္ဒာမောင်

သရုပ်ဆောင်သစ်အဖြစ် Fashion King Korea တွင် ပါဝင်လာမည့် ကလာရာ

တောင်ကိုရီးယားရုပ်သံလိုင်းတစ်ခုဖြစ်သည့် အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် Fashion King Korea ၏ Season 2 တွင် တေးသံရှင် ဂျောင်ဂျွန်ယောင်းနှင့် မင်းသမီး ကလာရာတို့ ပါဝင်သရုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်တွင်ကလာရာ၊ ဂျောင်ဂျွန်ယောင်းနှင့် Block B အဖွဲ့မှ အဖွဲ့ဝင် Zico တို့က အဖွဲ့ဝင်သစ်များအဖြစ် ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကာ အခြားသရုပ်ဆောင်သစ်များ ဆက်လက်ရွေးချယ်ရန်မှာ ဆွေးနွေးဆဲဖြစ်ကြောင်း သိရသည်။

Fashion King Korea ၏ Season 2 ကို လာမည့်ဩဂုတ်လတွင် စတင်ဖြန့်ချိပြသရန် စီစဉ်ထားပြီး ယင်းအစီအစဉ်တွင်ပါဝင်ကြမည့် ဖက်ရှင်ဒီဇိုင်နာများ၊ သရုပ်ဆောင်များက Season 1 ထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ကြရန် ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ်၌ စွန့်လွှတ်မြေယာများ မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်

ဒိုက်ဦး မေ ၂၂

ဒိုက်ဦးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မေ ၂၀ ရက် မွန်းလွဲ ၂ နာရီက အမှတ်(၃၀) ခြေလျင်တပ်ရင်းနှင့် မအူတန်းကျေးရွာအုပ်စုတို့မှ ပြန်လည်စွန့်လွှတ်သည့် ကတုတ်ဘုရားကြီးကျေးရွာအုပ်စု လက်ခုတ်ကွင်းကျေးရွာ ကွင်းအမှတ် (၄၇၅ ခ) အတွင်းရှိ ဦးပိုင် ၁၄ ခု၏ ဧရိယာ ၂၇ ဒသမ ၈၉ ဧကအား မူလပိုင်ရှင်တောင်သူများထံ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကျင်းပခဲ့သည်။ လွှဲပြောင်းပေးအပ်ပွဲသို့ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးငြိမ်းထွန်းကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး အဖွဲ့ဝင်များ၊ ကတုတ်ဘုရားကြီး ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် လွှဲပြောင်းလက်ခံရယူသည့် တောင်သူ ၁၀ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

ကျော်ကျော် (IPRD)

လယ်မြေ၊ ယာမြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် သစ်တောမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းအသုံးပြုခြင်း၊ လူနေအိမ်ရာများ ဖော်ထုတ်ခြင်းမပြုရန် အသိပေးကြေညာခြင်း

၁။ ရှမ်းပြည်နယ်အတွင်း ခရိုင်/မြို့နယ်/ကျေးရွာများရှိ လယ်မြေ၊ ယာမြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် သစ်တောမြေများပေါ်တွင် ခွင့်ပြုမိန့်တစ်စုံတစ်ရာမရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် အခြား နည်းအသုံးပြုခြင်း၊ လူနေအိမ်ကွက်များ ဖော်ထုတ်ခြင်းမပြုရန် တားမြစ်လိုက်သည်။

၂။ တားမြစ်ချက်ကိုလိုက်နာခြင်းမရှိပါက ၂၀၁၂ခုနှစ်၊ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေ၊ ၂၀၁၂ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေနှင့် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ၊ ၁၉၉၅ခုနှစ်၊ သစ်တောနည်းဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့

လာမယ့်မေ ၂၅ ရက်မှာ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲအဖြစ် ပေါ်တူဂီနိုင်ငံလစ္စဘွန်းမြို့မှာ ရီးယဲလ်နဲ့ အက်သလက်တီကိုတို့ ဆုံတွေ့ယှဉ်ပြိုင်ကစားသွားကြတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ဘယ်အသင်းချန်ပီယံဖြစ်သွားမလဲဆိုတာကို စောင့်ကြည့်သွားရဖို့ ရှိနေပါတယ်။

ချန်ပီယံလိဂ်ရင်ခုန်သံ

နေ့ - မေ ၂၅ ရက်
အချိန် - နံနက် ၁း၁၅ နာရီ
နေရာ - လစ္စဘွန်းမြို့
ကွင်းလယ်ဒိုင် - ကူပါ(ဟော်လန်)
စည်းကြပ်ဒိုင် - ရိုကယ်(ဟော်လန်)၊ ဇီနီစထရာ(ဟော်လန်)

ရီးယဲလ် - အက်သလက် နံနက် ၁း၁၅ (၂၅-၅-၁၄)

အထူးသဖြင့် ရီးယဲလ်နဲ့ အက်သလက်တီကိုတို့ဟာ စပိန်ရဲ့ မက်ဒရစ်အခြေစိုက်နှစ်သင်းဖြစ်ပြီး ဒီတစ်ကြိမ်ဗိုလ်လုပွဲဟာ ဒါဘီသဘောတရားလည်း သက်ဝင်နေပါတယ်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲတစ်လျှောက် တစ်နိုင်ငံတည်းက အသင်းအချင်းချင်း ဆုံတွေ့တဲ့ပွဲတွေ ရှိခဲ့ပေမယ့်လည်း အခုလို မြို့ခံပြိုင်ဘက်အသင်းအချင်းချင်း ဆုံတွေ့မှုကတော့ ဒီတစ်ကြိမ်ဆုံတွေ့မှုဟာ ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။ ဒါကြောင့် ဒီဗိုလ်လုပွဲဟာ ဆုဖလားတစ်လုံးရရှိရေးအပြင် မြို့ခံပြိုင်ဘက်အသင်းအချင်းချင်း အသာရလိုမှုတွေနဲ့အတူ ပိုမိုအကြိတ်အနယ်ရှိလာမှာ သေချာနေပါတယ်။

ရီးယဲလ်မက်ဒရစ်ရဲ့ အနေအထား

ပြောရရင် ရီးယဲလ်အနေနဲ့ ဒီရာသီမှာ စပိန်ဘုရင့်ဖလားတစ်လုံးသာ ရယူထားနိုင်ခဲ့တာကြောင့် ဒီချန်ပီယံလိဂ်ဆုဖလားကို ရယူလိုစိတ်ပိုမိုပြင်းထန်နေပါတယ်။ ရီးယဲလ်အနေနဲ့ ဒီချန်ပီယံလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဆု ၉ ကြိမ် ရရှိခဲ့ပြီး အအောင်မြင်ဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပေမယ့်လည်း ဒီဆုဖလားနဲ့ ဝေးကွာနေခြင်းဟာ ဆယ်စုနှစ်တစ်ခုကျော် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် ရီးယဲလ်အနေနဲ့ ချန်ပီယံလိဂ်ဆုဖလားကို တစ်ကျော့ပြန်ရရှိဖို့အတွက် ခြေကုန်ထုတ်ကစားလာမှာလည်း သေချာနေပါတယ်။

အက်သလက်တီကိုရဲ့ အနေအထား

ဒါ့အပြင် အက်သလက်တီကိုအနေနဲ့လည်း ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ဗိုလ်လုပွဲကို တစ်ကြိမ်သာရောက်ရှိခဲ့ဖူးပြီး အဆိုပါအကြိမ်တုန်းကလည်း ဒုတိယဆုနဲ့သာ ကျေနပ်ခဲ့ရဖူးပါတယ်။ အက်သလက်တီကိုအနေနဲ့ ဒီရာသီမှာ အထူးခြေစွမ်းပြနိုင်ခဲ့ပြီး လာလီဂါဆုဖလားကိုလည်း ရယူနိုင်ခဲ့တာကြောင့် စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာပါအကောင်းဆုံးအနေအထားကို ရောက်ရှိနေပါတယ်။ ဒါကြောင့် အက်သလက်တီကိုအနေနဲ့ ကလပ်သမိုင်းတစ်လျှောက် အကောင်းဆုံးအနေအထားကို ရရှိနေချိန်မှာ အသင်းအတွက် ပထမဆုံးချန်ပီယံလိဂ်ဆုဖလားကိုလည်းရယူနိုင်ဖို့ အထူးကြိုးစားသွားမှာ သေချာနေပါတယ်။

ချန်ပီယံလိဂ်ပြိုင်ပွဲအတွင်း ရီးယဲလ်နှင့် အက်သလက်တီကိုတို့၏ စွမ်းဆောင်ရည်

ရီးယဲလ်	-	အက်သလက်
၃၇	သွင်းဂိုး	၂၅
၅၁	ဘောလုံးပိုင်ဆိုင်မှု	၄၆
၁၈၇	ဂိုးကန်သွင်းမှု	၁၆၆
၁၁၅	ဂိုးပေါက်တည့်မှု	၉၈
၇၂	ဂိုးပေါက်လွဲမှု	၆၈
၃၈	ဟန့်တားခံရမှု	၃၇
၅	တိုင်ထိထွက်မှု	၇
၅၃	ထောင့်ကန်ဘော	၅၉
၃၄	လူကျွံဘော	၂၅
၁၉	အဝါကတ်	၂၇
၁	အနီကတ်	၀
၁၈၇	ပြစ်ဒဏ်ကျူးလွန်မှု	၁၈၇
၁၃၆	ပြစ်ဒဏ်ကျူးလွန်ခံရမှု	၁၆၈
၇၆၁၈	ပေးပို့မှု	၆၂၈၅
၆၀၂၃	ပေးပို့မှုတိကျခြင်း	၄၄၁၇

ရီးယဲလ်၏ ချန်ပီယံလိဂ်ဗိုလ်လုပွဲများ

၁၉၅၅-၅၆	ရီးယဲလ်	၄-၃	ရိမ်းစ်
၁၉၅၆-၅၇	ရီးယဲလ်	၂-၀	ဖီအိုရင်တီးနာ
၁၉၅၇-၅၈	ရီးယဲလ်	၃-၂	အေစီမီလန်
၁၉၅၈-၅၉	ရီးယဲလ်	၂-၀	ရိမ်းစ်
၁၉၅၉-၆၀	ရီးယဲလ်	၇-၃	ဖရန့်ဖတ်
၁၉၆၁-၆၂	ဘင်ဖီကာ	၅-၃	ရီးယဲလ်
၁၉၆၃-၆၄	အင်တာ	၃-၁	ရီးယဲလ်
၁၉၆၅-၆၆	ရီးယဲလ်	၂-၁	ပါတီဇန်
၁၉၈၀-၈၁	လီဗာပူး	၁-၀	ရီးယဲလ်
၁၉၉၇-၉၈	ရီးယဲလ်	၁-၀	ဂျူဗင်တပ်
၁၉၉၉-၀၀	ရီးယဲလ်	၃-၀	ဗလန်စီယာ
၂၀၀၁-၀၂	ရီးယဲလ်	၂-၁	လေဗာကူဆင်

အက်သလက်တီကို၏ ချန်ပီယံလိဂ်ဗိုလ်လုပွဲ

၁၉၇၃-၇၄	ဘိုင်ယန်	၄-၀	အက်သလက်

သုံးသပ်ချက်

ဒီနှစ်နှိုင်းယှဉ်ကြည့်မယ်ဆိုရင် လာလီဂါပြိုင်ပွဲမှာ နှစ်ကြိမ်၊ စပိန်ဘုရင့်ဖလားမှာ နှစ်ကြိမ်ဆုံခဲ့ဖူးပါတယ်။ ဒီလိုဆုံတွေ့ရာမှာ လာလီဂါပြိုင်ပွဲမှာ အက်သလက်တီကိုက တစ်ပွဲနိုင်၊ တစ်ပွဲသရေ ကစားနိုင်ခဲ့ပေမယ့် စပိန်ဘုရင့်ဖလားပွဲမှာတော့ ရီးယဲလ်က နှစ်ပွဲစလုံးအနိုင်ရခဲ့ဖူးပါတယ်။ လက်ရှိကစားသမားစုဖွဲ့မှုကို ကြည့်မယ်ဆိုရင်လည်း ရီးယဲလ်က ပိုမိုကျစ်လျစ်မှုရှိနေပါတယ်။ ရီးယဲလ်ရဲ့အဓိကကစားသမားတွေဖြစ်တဲ့ ရော်နယ်ဒိုနဲ့ ဘေးလ်တို့ဟာ ဒီပြိုင်ပွဲမှာ ပါဝင်လာဖို့ရှိနေပြီး အက်သလက်တီကိုရဲ့ အဓိကတိုက်စစ်မှူးကော်စတာကတော့ ဒီပွဲစဉ်နဲ့ လွဲချော်ရမယ့် အခြေအနေမျိုးရှိနေပါတယ်။ ဒါ့အပြင် ချန်ပီယံလိဂ်အတွေ့အကြုံပိုင်းမှာ ရီးယဲလ်က အားသာနေသလို ရီးယဲလ်အနေနဲ့ ဒီချန်ပီယံလိဂ်ဆုဖလားကို မဖြစ်မနေ အရယူသွားမယ့် အနေအထားတွေ ရှိနေတာကြောင့် အထူးကြိုးစားလာမယ့်အခြေအနေတွေနဲ့အတူ ဒီပွဲစဉ်မှာတော့ ရီးယဲလ်ကသာနိုင်ပွဲယူပြီး ၁၀ ကြိမ်မြောက် ချန်ပီယံလိဂ်ဆုဖလားကို ရယူသွားနိုင်ဖို့ရှိနေပါတယ်။

(ရှိုင်းမင်းမင်း)

ပျဉ်းမနား တောတန်းတစ်နေရာ၌ ယုန်ထောင် တောခွေးမိ

နေပြည်တော် မေ ၂၂

ပျဉ်းမနားမြို့နယ် သစ်ကွန်အုပ်စု ဘိုတဲစုကျေးရွာနေ ဦးညွန့်ဝင်းသည် တောတန်းတစ်နေရာသို့ ယုန်ထောင်သွားရာတွင် ကြီးမားသော တောခွေးကြီးတစ်ကောင် ဖမ်းမိကြောင်း သိရှိရသည်။ အလေးချိန် ၄၅ ပိဿာခန့် ခန္ဓာကိုယ် ၄ ပေခွဲရှိပြီး အိမ်တွင် ကြိုးချည်၍ မွေးမြူထားသည်။ အစာများကျွေးရာတွင် အမဲရိုးများပြုတ်၍ ဆန်ကွဲများဖြင့် ရောနှောကျွေးရကာ ရေဆာလျှင် ၎င်းတောခွေးကြီးသည် ကျောက်ဆောင်များကို လျှာဖြင့် ရက်သည်။

ဦးညွန့်ဝင်းက ၎င်းခွေးကြီး ရွာသူရွာသားများအား ရန်မူမည်ကို စိုးရိမ်ရ၍ ခိုင်ခံ့သော သံလွန်တင်နိုင်လွန်ကြိုးဖြင့် ချည်နှောင်ထားသော်လည်း မရသဖြင့် လိမ္မာအောင်လေ့ကျင့်ပေးပြီး သံကြိုးဖြင့် ပြောင်းလဲချည်နှောင်ကာ ဌာနဆိုင်ရာများသို့ လွှဲပြောင်းပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(ကျော်ဦး)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင် ခံခွက်မမေ့နှင့်

ထပ်ဆင့်အကယ်ဒမီဒေါ်မြင့်မြင့်ခိုင်၏
Supreme Broadway Institute (SBD)
အနုပညာသရုပ်ဆောင်သင်တန်းအပတ်စဉ်(၄)

၁။ သင်တန်း၌ ဝါရင့်သမ္မာရင့်ရုပ်ရှင်၊ ဗီဒီယိုပညာရှင်များ၊ ဒါရိုက်တာနှင့်သရုပ်ဆောင်များကိုယ်တိုင် အထူးသင်ကြားပေးမည်။
၂။ (က)အဓိကသရုပ်ဆောင်၊ (ခ)ဇာတ်ပို့ ဇာတ်ရံပညာနှင့်(ဂ)ဒါရိုက်တာ၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းသင်တန်းများကို သင်ကြားပေးမည်။
၃။ တေးသီချင်းသီဆိုမှု Dancer အကပို့ချပေးမည်။
၄။ သင်တန်းကာလအတွင်း၌ စိမ်းဝါနီ(ရုပ်ရှင်ဗီဒီယို)ထုတ်လုပ်ရေးမှ ထုတ်လုပ်သောဇာတ်ကားများတွင် ပါဝင်စေရန်အတွက် ရည်ရွယ်ပါသည်။
၅။ သင်တန်းကာလအတွင်း စာတွေ့၊ လက်တွေ့ကွင်းဆင်းရိုက်ကူးပေးမည်။
၆။ စိမ်းဝါနီ(ရုပ်ရှင်ဗီဒီယို)ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်(ထုတ်လွှင့်)သော အမှတ်တမဲ့ဒေါသ၊ ပျော်ရွှင်မှုများကိုသယ်ဆောင်ပါ၊ ဖိုးဖိုးကို ချစ်တယ် စသောဇာတ်လမ်းတိုများတွင် သင်တန်းအပတ်စဉ်(၁)နှင့်(၂)မှသင်တန်းသူ၊ သင်တန်းသားများ လက်တွေ့သရုပ်ဆောင်ပါဝင်ခွင့် ရရှိကြပါသည်။
၇။ အပတ်စဉ်(၁)၊ အပတ်စဉ်(၂)နှင့်အပတ်စဉ်(၃)သင်တန်းသူ/သင်တန်းသားများကိုလည်း စိမ်းဝါနီ (ရုပ်ရှင်ဗီဒီယို)ထုတ်လုပ်ရေးမှ ရိုက်ကူးသော(ဓမ္မဝိလာသ)အခန်းဆက်ရုပ်သံဇာတ်လမ်းတွဲတွင်လည်း ပါဝင်သရုပ်ဆောင်ခွင့်ပြုပါသည်။
၈။ သင်တန်းအပတ်စဉ်(၄)ကို ဇွန်လ ပထမအပတ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။ (လူဦးရေကန့်သတ်ထားပါသည်။)
၉။ နယ်မှလာတက်သူများအတွက် ကျား/မဘော်ဒါလက်ခံပါသည်။

လျှောက်လွှာဝယ်ယူရမည့်နေရာ-
ရန်ကုန်-**YMCA**၊ အမှတ်-၂၆၃၊ မဟာဗန္ဓုလလမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၉၄၁၀၉၊ ၂၉၄၁၂၈၊ ၂၉၄၀၀၃၊ ၀၉-၅၀၄၉၁၇၇၊ ၀၉-၇၃၂၄၄၃၄၄၊ ၀၉-၇၃၀၄၇၄၇၇

သွေးသည် အသက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ပုဂံ-ကျောက်ပန်းတောင်း-ပုဂံလမ်းပိုင်း၌ ကမ္ဘာလှည့်ခရီးသည်များအား ရေနွေးငွေ့စက်ခေါင်းဖြင့် အထူးရထားပြေးဆွဲခြင်းလုပ်ငန်းကို စင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်ရန်စိတ်ဝင်စားသောပုဂ္ဂိုလ်၊အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ **Open Tender** တင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသည်များအတွက် ဝန်ဆောင်မှုလုပ်ငန်း ပိုမိုဆောင်ရွက်ပေးနိုင်ရန် ပုဂ္ဂလိကနှင့်အကျိုးတူ စင်းလုံးငှားစနစ် ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်လိုသည့်ပြည်တွင်းမှပုဂ္ဂိုလ်၊အဖွဲ့အစည်း၊ကုမ္ပဏီများသို့ Open Tender တင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ ပုဂံ-ကျောက်ပန်းတောင်း-ပုဂံလမ်းပိုင်း၌ ရေနွေးငွေ့စက်ခေါင်းဖြင့် ကမ္ဘာလှည့်ခရီးသည်များအား အထူးရထားပြေးဆွဲခြင်းလုပ်ငန်းကို စင်းလုံးငှားစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို (၃)နှစ်ခွင့်ပြုမည်ဖြစ်ပြီး၊ (၁)နှစ်(၁)ကြိမ်စာချုပ်ချုပ်ဆို ငှားရမ်းသွားမည်ဖြစ်ပါသည်။ Open Tender တင်သွင်းရန် အချက်အလက်များကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ(စီးပွားရေးဌာန)၊ မြန်မာ့မီးရထားရုံးချုပ်၊နေပြည်တော်ဘူတာ ကြီးသို့ ၆-၆-၂၀၁၄ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ ကိုယ်တိုင်လာရောက်တင်သွင်းရန် ဖြစ်ပါသည်။ နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ Open Tender အတွက်အချက်အလက်များဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံနှင့် စည်းကမ်းသတ်မှတ်ချက်များကို(တစ်)စုံလျှင် ကျပ်(၃၀၀၀၀ိ/-)ဖြင့်၂၃-၅-၂၀၁၄ရက်မှစ၍ မန်နေဂျာ(သွားလာရေး/တိုင်း)အမှတ်(၁၁)တိုင်း-ပုဂံ၊ မန်နေဂျာ(သွားလာရေး/တိုင်း)အမှတ်(၇)တိုင်း-ရန်ကုန်နှင့် အထွေထွေမန်နေဂျာ(စီးပွားရေး)ရုံး၊မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော်ဘူတာကြီး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ (ဖုန်း-၀၆၇-၇၇၀၈၁၊ ၀၆၇-၇၇၀၃၉)တို့ထံ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့မီးရထား

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ မြေကွက်အမှတ်(၁၆၈၃)၊ ဗိုလ်ချုပ်လမ်း၊ မြေအကျယ်(အလျားပေ၄၀×အနံပေ၆၀)ရှိသည့်အနက် (ခေါင်းရင်းခြမ်း)အလျား(ပေ၂၀×အနံပေ၆၀) မြေချပါမစ်အား မြေအမည်ပေါက် ဒေါ်မြမြသန်း(ကေပီဂျီ-၁၆၃၀၁၂)ကိုင် ဆောင်သူထံမှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူထားသူဒေါ်ခင်ဝင်း[၁၂/လမန(နိုင်)၀၈၃၆၉၆]ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုတရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားဝင်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အက်စတာမြတ်ထွေး
LL.B,C.B.L,F.B.S.D.B.SP,A.P.S
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၁)
အမှတ်-၅၅၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၈၂၁၈၇

မေ ၂၂ ရက် နံနက် ၃ နာရီခွဲက ပဲခူးမြို့ အလယ်ကျွန်းအမှတ်(၀၁၈) အနီး၌ ခြောက်ဘီး ISUZU ကုန်တင်ယာဉ်မှာ ရန်ကုန်ဘက်မှ ပဲခူးမြို့တွင်းသို့ မောင်းနှင်လာရာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှု ဖြစ်ပွားစဉ်။ (၅၈၇)

တောင်တွင်းကြီးမြို့တွင် လောင်းကစားပြုလုပ်သူအား သက်ဆိုင်ရာမှ ဖမ်းဆီး

တောင်တွင်းကြီး မေ ၂၂

တောင်တွင်းကြီးမြို့ အုန်းတော(၁) ရပ်ကွက်နေ ငယ်လေး(ခ) စိုးလှိုင် နေအိမ်တွင် လောင်းကစားပြုလုပ် နေကြောင်း သတင်းအရ မြို့နယ် ရဲတပ်ဖွဲ့မှူး၏ လောင်းကစားဖမ်းဝရမ်း ဖြင့် တောင်တွင်းကြီး မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ချစ်စိုးမင်းသည် သက်သေများနှင့် အတူ မေ ၂၀ ရက် မွန်းတည့် ၁၂ နာရီက ဝင်ရောက်ရှာဖွေခဲ့ရာ ငယ်လေး(ခ) စိုးလှိုင်နှင့် ၎င်း၏နေအိမ်တွင် ရောက်ရှိနေသော ကျော်မြင့် ဘန်ကုန်းကျေးရွာ၊ တောင်တွင်းကြီးမြို့ နယ်နေသူတို့ထံမှ နှစ်လုံးထီနှင့် ချဲထီ ရောင်းချရာတွင် အသုံးပြုသော စာရွက်စာတမ်းများနှင့် ငွေကျပ် ၁၈၆၀၀ တို့အား သိမ်းဆည်းရမိ ခဲ့သဖြင့် ငယ်လေးနှင့်ကျော်မြင့်တို့အား တောင်တွင်းကြီးမြို့ မြို့မရဲစခန်းက (ပ) ၁၀၅/၂၀၁၄၊ လောင်းကစားပုဒ်မ ၁၅(က) ဖြင့် အရေးယူထားကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ မေ ၂၀ ရက်တွင် **လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူကိုတိုက်ပြီး မောင်းပြေးသူ ပြေးမလွတ်

ပဲခူး မေ ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့၌ မေ ၂၁ ရက် ည ၈ နာရီခန့်က ဘုရားကြီးမြို့မှ ဝေါမြို့သို့ ယာဉ်မောင်းရဲမင်းထွန်း မောင်းနှင်လာသော ယာဉ်အမှတ် ၄က/.... စူပါရှဖ် အဖြူရောင် လိုင်စင် စိစစ်ဆဲ ယာဉ်သည် ရန်ကုန်-မော်လမြိုင် ကားလမ်း မိုင်တိုင်အမှတ် (၆၀/၂) နှင့် (၆၀/၃) အကြား၌ လမ်းလျှောက်လာသူ မသက်သက်နိုင် (၂၈)နှစ် ပေါက်တောဇရပ် အနီးနေသူအား ဝင်ရောက်တိုက်မိသဖြင့် ဘုရားကြီးမြို့ အရန်မီးသတ်တပ်ဖွဲ့မှ ကယ်ဆယ်ရေးယာဉ်ဖြင့် ပဲခူးမြို့ ဆေးရုံကြီးသို့ တင်ပို့ပေးခဲ့သည့် ဘုရားကြီးနယ်မြေရဲစခန်းက ဒုရဲအုပ် ဇာနည်စိုးနှင့် ယာဉ်ထိန်းရဲအုပ် ကိုကိုထွေးတို့သည် အခင်းဖြစ်နေရာတွင် သက်သေများနှင့်အတူ စစ်ဆေးပြီး ယာဉ်မောင်းအား လိုက်လံဖမ်းဆီးရာ ဘုရားကြီးမြို့ အထွက် ရွှေညောင်ပင်ရှေ့၌ ဖမ်းဆီးရမိခဲ့သည်။

ယင်းဖြစ်စဉ်အား ယာဉ်ထိန်းရဲအုပ် ကိုကိုထွေးက ဘုရားကြီးနယ်မြေရဲစခန်းတွင် ပြစ်မှုကျူးလွန်သူ ယာဉ်မောင်း ရဲမင်းထွန်းအား အရေးယူပေးပါရန် တိုင်ကြားသဖြင့် တာဝန်မှူး ဒုရဲအုပ်ဇာနည်စိုးက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သီဟရာဇာ (ဘုရားကြီး)

မီးမလောင်ခင် သတိယုဉ် ကြိုတင်ကာကွယ်ပါ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် ဇဝနရပ်ကွက်၊ သီရိဝေဘာလမ်း အမှတ် (၄) တွင် ပါတီရုံးချုပ် တည်ရှိသော **လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၀-၅-၂၀၁၄ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

စက်မှုဝန်ကြီးဌာန(ချင်းပြည်နယ်)

"စပျစ်သီးမှာ အရည်အသွေးကောင်းမွန်သည့် စပျစ်ဝိုင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရန် သင်တန်းများ ပို့ချဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ" မေးမြန်းချက်အပေါ် ဆောင်ရွက်မှုအခြေအနေ

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆပ်ကော်မတီနှင့် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့၏ ကြီးကြပ်မှုဖြင့် မြန်မာ SME လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါကဏ္ဍများအလိုက် ဆောင်ရွက်လျက်ရှိပါသည် -

(က) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် တီထွင်ဖန်တီးမှုစွမ်းရည်မြှင့်တင်ရေး (Human Capital Development and Innovation)

(ခ) နည်းပညာဖွံ့ဖြိုးမှုနှင့် စွန့်ဦးတီထွင် လုပ်ငန်းရှင်များ ပေါ်ထွန်းနိုင်ရေး (Technology Adoption and Entrepreneurship Development)

(ဂ) ဘဏ္ဍာရေးအရင်းအမြစ်များရရှိရေး (Access to Financing)

(ဃ) အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး (Infrastructure)

(င) ဈေးကွက်ဝင်ဆံ့မှု ရရှိစေရေးအတွက် လုပ်ငန်းဈေးကွက် အထောက်အကူပေးနိုင်ရေး (Market Access)

(စ) သင့်လျော်သော အခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ ထောက်ပံ့ပေးနိုင်ရေး (Legal and Regulatory Environment)

ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပြည်တွင်းပညာရှင်များနှင့်လည်းကောင်း၊ အာဆီယံ စီမံကိန်းများအရလည်းကောင်း၊ သင်တန်းများပေးခြင်း၊ နည်းပညာလွှဲပြောင်းခြင်းများ ပြုလုပ်ပေးလျက်ရှိပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ စက်မှုဇုန်များတွင် Entrepreneurship သင်တန်းများ၊ Cluster Development သင်တန်းများ၊ General Procurement သင်တန်းများ၊ Financial Management သင်တန်းများ ပို့ချပေးလျက်ရှိပါသည်။

ဒေသအလိုက် Poteltial အလိုက် Pilot Project များ ရွေးချယ်ဆောင်ရွက်လျက်ရှိပြီး UNIDO နှင့် ပူးပေါင်းလျက် Textitle, Rubber, Lacquer Were, Garment Sectors များတွင်လည်းကောင်း၊ ဂျာမနီနိုင်ငံ GIZ နှင့် ပူးပေါင်း၍ ရှမ်းပြည်နယ်ရှိ သီးနှံများ Value Added ထုတ်လုပ်ရေးအတွက် သရက်သီးနှင့် လက်ဖက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ လက်ရှိဆောင်ရွက်လျက်ရှိသော Pilot Project များသည် ပြင်ပမိတ်ဖက်အဖွဲ့များ၏ ကူညီပံ့ပိုးမှု များအရ ဆောင်ရွက်လျက်ရှိပြီး စပျစ်သီး Sector ပါဝင်ခြင်းမရှိသေးပါ။

ကိုရီးယားနိုင်ငံ၊ ကိုရီးယားအမျိုးသားနည်းဗျူဟာ တက္ကသိုလ်နှင့် Gunhong International Co.,Ltd မှာ မြန်မာ SME များသို့ နည်းပညာပံ့ပိုးပေးရန်အတွက် စစ်တမ်းများ ကောက်ယူ၍ နည်းပညာပံ့ပိုးပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း လုပ်ငန်းရှင် ခုနစ်ဦးအား ပံ့ပိုးပေးနိုင်ခဲ့ပြီး၊ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း လုပ်ငန်းရှင် ၁၀၀ ဦးအား နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးမည်ဖြစ်၍ သတင်းစာများ၊ Media များမှတစ်ဆင့် ဖိတ်ခေါ်ခြင်းဖြင့် ပံ့ပိုးပေးလျက်ရှိရာ စပျစ်သီးမှ အရည်အသွေးကောင်းမွန်သည့် စပျစ်ဝိုင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချလိုသော လုပ်ငန်းရှင်များအနေဖြင့် အမှတ်(၃၅- B/၁၅)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတွင် Questionnary Survey Form လာရောက်ဖြည့်စွက်၍ Gunhong International Co.,Ltd နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ (Delivery Unit) သို့ ဆွေးနွေးအကြံပြုချက်များအပေါ် သက်ဆိုင်ရာဆပ်ကော်မတီနှင့် ဝန်ကြီးဌာနများ၏ ရှင်းလင်းချက်များ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆပ်ကော်မတီ

မွန်ပြည်နယ်တွင် မော်လမြိုင်ဆိပ်ကမ်းနှင့် သံလွင်မြစ်ရေကြောင်း ပြန်လည်ထိန်းသိမ်းရေးနှင့် ရေလမ်းရှင်းလင်းရေးမှာ အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ သံလွင်မြစ်ရေအနည်ကျမှုကြောင့် ရေလမ်းတိမ်ကောလာသည့်အတွက် ပြန်လည်မြှင့်တင်ပေးရန် လိုအပ်နေသဖြင့် သက်ဆိုင်ရာမှ အကြံဉာဏ်များရယူလိုပါကြောင်း ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ရှင်းလင်းအပ်ပါသည်။

မော်လမြိုင်မြို့သို့ သင်္ဘောဝင်/ထွက်ရာ လမ်းကြောင်းတစ်လျှောက်ရှိ(ကျိုက္ခမီ ပင်လယ်ဝမှ မော်လမြိုင်မြို့အထိ) မော်လမြိုင်ရေကြောင်းလမ်းသည် အနည်ပို့ချမှုနှုန်းမြင့်မားခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် ရေအနက် နည်းပါးလာခြင်း၊ နှစ်စဉ် ရေလမ်းကြောင်းပြောင်းလဲခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ ယခုအခါ မော်လမြိုင်ဆိပ်ကမ်းသို့ ပင်လယ်ကူးသင်္ဘောကြီးများ၊ ကမ်းရိုးတန်းသွားရေယာဉ်ကြီးများနှင့် ကမ်းရိုးတန်းသွား စက်လှေကြီးများ ဝင်/ထွက်မှု နည်းပါးလာကြောင်း တွေ့ရှိရပါသည်။

ရေယာဉ်ကြီးများ ဝင်/ထွက်မှုနည်းပါးလာခြင်းသည် အဆိုပါ ရေလမ်းကြောင်းတွင် လုံလောက်သော ရေအနက် မရရှိခြင်းကြောင့်လည်းကောင်း သို့မဟုတ် ကုန်စည်ရရှိမှု အခြေအနေကြောင့်လည်းကောင်း ဖြစ်နိုင်သဖြင့် သေချာစွာ လေ့လာသုံးသပ်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။ သံလွင်မြစ်အားရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အသုံးချနိုင် စေရန်အတွက် သံလွင်မြစ်၏ ရေစီးအားထိန်းချုပ်ပြုပြင်နိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။ မြစ်ကြောင်းတစ်လျှောက် အသေးစိတ်တိုင်းတာရေးများပြုလုပ်ပြီး ရရှိလာသော ရေလမ်းမြေပုံများအပေါ် မူတည်၍ ဖြစ်မြောက်နိုင်စွမ်း ရှိ-မရှိ ဦးစွာလေ့လာဆန်းစစ်ပြီးမှသာ ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အသုံးချနိုင်ရန်အတွက် မြစ်ကြောင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သံလွင်မြစ်ကြောင်း ရေကြောင်းပို့ဆောင်မှု ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းရှင်များမှ ဆောင်ရွက်နိုင်ပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လိုအပ်သည့် နည်းပညာ အကူအညီပေးအပ်မည်ဖြစ်ပြီး ဆောင်ရွက်ရန် ဖိတ်ခေါ်ကြိုဆိုပါကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန

ကယားပြည်နယ် ရှားတောမြို့နယ်ရှိဌာန ၂၂ ခု၏ လစာများကို ၁၉၉၀ ခုနှစ် မေလမှစတင်၍ မြန်မာ့စီးပွား ရေးဘဏ်တွင် နှစ်လတစ်ကြိမ် ထုတ်ပြီး ခွင့်ပြုထားသောငွေမှာ သိန်း ၇၀၀ သာဖြစ်သဖြင့် တစ်လစာခန့်သာရရှိပါသဖြင့် နှစ်လစာ လုံလောက်မှုရရှိစေရန် သိန်း ၇၀၀ မှ ထပ်မံတိုးမြှင့် သတ်မှတ်ပေးပါရန် ဆွေးနွေးချက်အပေါ် အောက်ပါတိုင်း ရှင်းလင်းအပ်ပါသည်။

ရှားတောအစိုးရငွေတိုက်ခွဲသည် မြန်မာ့စီးပွားရေးဘဏ်၏ အုပ်ချုပ်မှုအောက်တွင် မရှိဘဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကွပ်ကဲမှုအောက်တွင်ရှိသော ငွေတိုက်ခွဲ ဖြစ်ပါသည်။ ရှားတောအစိုးရငွေတိုက်ခွဲ၏ ငွေကြေးထားရှိခွင့် တိုးမြှင့်သတ်မှတ်ရန် ကိစ္စအတွက် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ကျိုးကြောင်းဖော်ပြ၍ လျှောက်ထားရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရှားတောငွေတိုက်ခွဲအတွက် တိုးမြှင့် သတ်မှတ်ပေးသော ငွေကြေးလိုအပ်ချက်ကို မြန်မာ့ စီးပွားရေးဘဏ်မှ ဖြည့်တင်းပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။

ရေကြည်မြို့တွင် နံရံကပ်စာပေရေချမ်းစင်များဖွင့်

ရေကြည်၊ မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် ပြည်သူများ စာအုပ်စာပေကို လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ရေးအတွက် ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများသည် လူစည်ကားရာနေရာများတွင် အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းဖြစ်သည့် စာပေရေချမ်းစင်ခြောက်ခုကို ကွင်းသုံးဆင့်ကျေးရွာအုပ်စု၊ လူနားနေဆောင်(ဂိတ်)၊ အသုတ် ဘူတာ၊ ဆပ်ကွင်းအုပ်စု အသုတ် အ-ထ-က၊ ပြည်သူ့ဆေးရုံတို့တွင် ဖွင့်ပေးခဲ့သည်။

ရေချမ်းစင်များတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုအနုပညာ၊ အားကစား၊ အတ္ထုပ္ပတ္တိ၊ ပြည်သူ့နီတိနှင့် ကလေးသူငယ်စာပေများထားရှိပေးမည်ဖြစ်ပြီး လစဉ် စာအုပ်များကို လဲလှယ်ပေးသွားမည်ဖြစ်သည်။

မြို့နယ် ပြန်/ဆက်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
[illegible]

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၀/၂၀၁၄)
[illegible]
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

ဆောင်းပါး

CCTV နှင့်စာသင်ခန်းများ

à cifrmifX;(ynma&;)

အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ကမ္ဘာကြီးကို အမျိုးမျိုးအဖုံဖုံ ပြောင်းလဲသွားစေသည်မှာ အမှန်ပင်ဖြစ်သည်။ ယင်းပစ္စည်းများကို အသုံးပြုလာကြခြင်းဖြင့် ပိုမိုခေတ်မီလာခြင်း၊ ပိုမိုမြန်ဆန်သွက်လက်လာခြင်း၊ အသိအမြင် ပိုမိုကြွယ်ဝလာခြင်း စသည်ဖြင့် ကမ္ဘာ့ရွာအသွင် တင်စားပြောဆိုလာကြသည်။

အိုင်တီနည်းပညာပစ္စည်းများထဲတွင် လုံခြုံရေးကင်မရာခေါ် CCTV ကင်မရာများလည်း ပါဝင်သည်။ CCTV ကင်မရာများကို ဟိုတယ်၊ မိုတယ်များ၊ ကုမ္ပဏီများ၊ ဘဏ်ကြီးများ၊ Shopping Mall များ၊ Centre များ စသဖြင့် လုံခြုံစိတ်ချရမှုအတွက် တပ်ဆင်အသုံးပြုလာကြသည်ကို တွေ့ရ၏။ CCTV ကင်မရာများကြောင့် ဒုစရိုက်မှုခင်းများကို ဖော်ထုတ်နိုင်ခဲ့သည့် အကျိုးရလဒ်များ ရှိခဲ့သည်ကို တွေ့ရ၏။

ယခုအခါ ယင်းသို့သော CCTV ကင်မရာများကို နိုင်ငံခြားတိုင်းပြည်များရှိ စာသင်ခန်းများတွင် တပ်ဆင်အသုံးပြုလာကြသည်ကို တွေ့ရ၏။ တလောကပင် 'စာသင်ခန်းအတွင်းရှိ CCTV များကြောင့် ဗြိတိန်ဆရာများ ခာတ်ခွဲခန်းကြွက်များကဲ့သို့ ခံစားရ' ဟူသည့် သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။

ယင်းသတင်းတွင် ဗြိတိန်နိုင်ငံရှိ အကြီးဆုံးကျောင်းဆရာအဖွဲ့ NASUWT ညီလာခံက ဆရာ ၁၂ ဦးလျှင် တစ်ဦးမှာ စာသင်ခန်းအတွင်း ထာဝစဉ်စောင့်ကြည့်နေမှုအောက်၌ အလုပ်လုပ်နေရကြောင်း၊ ယင်းအဖွဲ့က ဆရာ၊ ဆရာမ ၇၅၀၀၀ ခန့်၏ စာရင်းကောက်ယူမှုအရ ဆရာ ၁၀ ဦးလျှင် တစ်ဦးမှာ CCTV ကင်မရာကို ပိတ်ထား၍မရကြောင်းနှင့် တစ်ချိန်လုံး စောင့်ကြည့်ခံနေရသည်ဟု ယူဆကြောင်း၊ ဆရာထက်ဝက်ကျော်က ကျောင်းအုပ်ချုပ်ရေးအဖွဲ့သည် CCTV မှတ်တမ်းများကိုကြည့်ရှုသည်ဟု ယူဆကြောင်း၊ ဆရာ၊ ဆရာမများအပေါ် မတရားဖိအားပေးမှုတစ်ခုဖြစ်ကြောင်းနှင့် ၎င်းတို့၏ ဖန်တီးမှုကို ထိန်းချုပ်ထားရာရောက်ကြောင်း၊ တစ်ခါတစ်ရံ ကျောင်းအုပ်ချုပ်ရေးအဖွဲ့၏ တလွဲအသုံးပြုခြင်းကို ခံရကြောင်း၊ ယင်းသို့ CCTV ဖြင့် စောင့်ကြည့်နေမှုကြောင့် ၎င်းတို့၏ လုပ်ငန်းတာဝန် ပိုင်နိုင်ကျွမ်းကျင်မှုကို လျော့ပါးစေသည်ဟု ညီလာခံတက်ရောက်လာသော ဆရာ၊ ဆရာမများက ပြောကြားခဲ့ကြသည်ကို တွေ့ရ၏။

မြန်မာနိုင်ငံတွင် အစိုးရစာသင်ကျောင်းများ၌ CCTV ကင်မရာ တပ်ဆင်အသုံးပြုမှုမရှိသလောက် နည်းပါးသည်ကိုတွေ့ရ၏။ သို့သော် ပုဂ္ဂလိကကျောင်းများ ပေါ်ပေါက်လာပြီးသည့်နောက်ပိုင်းတွင် ငွေကုန်ကြေးကျခံကာ စာသင်ခန်းများအတွင်း CCTV ကင်မရာများ တပ်ဆင်လာကြသည်ကို တွေ့ရ၏။ အဓိကရည်ရွယ်ချက်မှာ လုံခြုံရေးဆိုသည်ထက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အနီးကပ် စောင့်ကြည့်လေ့လာနိုင်ရေးပင် ဖြစ်သည်။

လုပ်ဆောင်မှုတစ်ခုကို လေ့လာဆန်းစစ်ကြည့်လျှင် အကျိုးအကြောင်း အဆိုးနှင့်အကောင်းဆိုသည်မှာ ဒွန်တွဲ လွန်ဆွဲနေကြသည်သာဖြစ်သည်။ အဆိုးနှင့်အကောင်းကို ချိန်ဆရာတွင် အကောင်းဘက်ကို သက်ရောက်နိုင်လေ အကျိုးရှိလေဖြစ်သည်။

ကျောင်းသူအချို့ကို သဘောထားမေးကြည့်ရာ "CCTV တပ်တာကို အပြစ်တော့မပြောချင်ပါဘူး။ ဒါပေမယ့် သမီးတို့ နေရထိုင်ရကျပ်သွားသလိုပဲ။ CCTV ကအမြဲတမ်းချိန်နေတာဆိုတော့ ထဘီတွေဘာတွေတောင် ပြင်မဝတ်ရဲတော့ဘူး။ ဝတ်ချင်ရင် အပြင်ထွက် သန့်စင်ခန်းထဲမှာ သွားဝတ်ရတယ်"ဟု ဆိုသည်။

CCTV သည် ကျောင်းသား၊ ကျောင်းသူများကို စောင့်ကြည့်သကဲ့သို့ ဆရာ၊ ဆရာမများ၏ သင်ကြားမှု၊ လှုပ်ရှားသွားလာမှု၊ အတန်းတွင်း ရှိ-မရှိ စသည်တို့ကိုလည်း စောင့်ကြည့်ရာရောက်၏။ မိတ်ဆွေဆရာတစ်ဦးကို မေးကြည့်ရာ "ခေတ်မီတယ်လို့တော့ ပြောလို့ရပါတယ်။ ငွေတွေ အများကြီးအကုန်ခံထားတာဆိုတော့

> **CCTV တပ်တာကို အပြစ်တော့ မပြောချင်ပါဘူး။ ဒါပေမယ့် သမီးတို့ နေရထိုင်ရ ကျပ်သွားသလိုပဲ။ CCTV က အမြဲတမ်း. . .**

အကျိုးရှိဖို့လိုပါတယ်။ အပြစ်ရှာတဲ့သဘောမျိုးတော့ မဖြစ်စေချင်ဘူး။ ဆရာ၊ ဆရာမဆိုတာ ရင်ထဲက လိုလိုချင်ချင် နှစ်နှစ်ကာကာနဲ့ပေးမှ တပည့်ဆိုတာ ပညာရနိုင်တာပါ။ ဆရာ၊ ဆရာမရဲ့ စေတနာ မေတ္တာကိုတော့ ဘာနဲ့မှ စောင့်ကြည့်တိုင်းတာကြည့်လို့ မရနိုင်ပါဘူး" ဟု ဆိုသည်။

မှန်ပါသည်။ မည့်သည့်အမှုကိစ္စပင်ဖြစ်စေ အကျိုးအပြစ်ဆိုသည်မှာ ရှိစမြဲပင်။ အဆိုးအကောင်းကို နှိုင်းယှဉ်၍ သိမြင်တတ်ဖို့လိုသည်။ အပြုသဘောဆောင်သည့် ရှုမြင်သုံးသပ်တတ်မှုသည် အကျိုးများနိုင်ပါသည်။ CCTV များကြောင့် ဆရာ၊ ဆရာမတို့၏ တာဝန်ထမ်းဆောင်မှုကို တစ်စုံတစ်ရာ အဟန့်အတားမဖြစ်စေသင့်၊ ဂုဏ်သိက္ခာ ညှိုးနွမ်းမှုကို မဖြစ်စေသင့်၊ မိမိတို့ကြည့်ရှုနိုင်သည့် ပုံရိပ်များကို လျှို့ဝှက်စွာ ထိန်းသိမ်းနိုင်ဖို့လည်း လိုသည်။ ဆက်သွယ်မှု လျင်မြန်တိုးတက်နေသော ခေတ်ကြီးတွင် တလွဲအသုံးချမိလျှင် ကြီးမားသော လူမှုရေးဂုဏ်သိက္ခာ ကျူးလွန်ဖောက်ဖျက်ရာရောက်နိုင်သည်ကို သတိပြုမိဖို့ လိုပါသည်။

ပြန်လည်စွန့်လွှတ်သည့် မြေယာများ မူလပိုင်ရှင်များထံသို့ ယာယီလုပ်ပိုင်ခွင့်လက်မှတ်များပေးအပ်

ပွင့်ဖြူ၊ မေ ၂၂

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် တပ်ရင်း (၈၈)နှင့် တပ်ရင်း (၂၅၅)တို့မှ မြေဧရိယာများကို ပြန်လည်စွန့်လွှတ်ပေးထားပြီး မူလပိုင်ရှင်များထံသို့ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၏ စီမံမှုဖြင့် ယာယီလုပ်ပိုင်ခွင့်လက်မှတ်များ ပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါယာယီလုပ်ပိုင်ခွင့် လက်မှတ်များကို မေ ၂၀ ရက်က ပေးအပ်ခဲ့ပြီး တောင်သူပေါင်း ၉၉ ဦး၏ မြေဧရိယာ ၄၁၁ ဒသမ ၆၃ ဧကကိုတောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်သူရ(ပွင့်ဖြူ)

နောင်ချိုမြို့တွင်စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

နေပြည်တော်၊ မေ ၂၂

မေ ၁၉ ရက်က ရှမ်းပြည်နယ်၊ အမှတ် (၂၄) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(လားရှိုး)မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ နောင်ချိုမြို့အဝင် တိုးဂိတ်အနီးတွင် လားရှိုးမှ မန္တလေးသို့ မောင်းနှင်လာသည့် ABSUM ခရီးသည်တင်ယာဉ်အား ရပ်တန့်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် ကွတ်ခိုင်မြို့နယ်၊ နောင်ခွန်း ကျေးရွာနေ မဟော်ချင်လန့် (၄၄) နှစ်၏ ကိုယ်အတွင်းမှ ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားသည့် 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀၊ တန်ဖိုးငွေကျပ် ၄၂ သိန်းအား တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် မဟော်ချင်လန့်အား နောင်ချိုမြို့မရဲစခန်း မယ(ပ)၃၈/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

လယ်ယာစိုက်ပျိုးရေးသမဝါယမအသင်းသားများအား ပံ့ပိုးချေးငွေ၊ အသေးစားလုပ်ငန်းချေးငွေများ ထုတ်ချေး

မြိတ်၊ မေ ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ လယ်ယာစိုက်ပျိုးရေးသမဝါယမအသင်းလီမိတက် အသင်းသူ၊ အသင်းသားများအား ပံ့ပိုးချေးငွေများနှင့် အသေးစားလုပ်ငန်းချေးငွေများ ထုတ်ချေးပေးခြင်းကို မေ ၂၀ ရက် မွန်းလွဲ ၁ နာရီက မြိတ်မြို့ သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းက မြိတ်ခရိုင်အတွင်းရှိ မြိတ်၊ ကျွန်းစု၊ ပုလော၊ တနင်္သာရီ မြို့နယ်သမဝါယမအသင်းများသို့ လယ်ယာစိုက်ပျိုးရေးအသင်း လီမိတက် အသင်းသူ၊ အသင်းသား ၁၄၁၉ ဦးအတွက် ပံ့ပိုးချေးငွေများနှင့် အသေးစားလုပ်ငန်းချေးငွေ ကျပ် ၁၄၁၉ သိန်း လွှဲပြောင်းပေး အပ်ခဲ့ကြသည်။

အဆိုပါ ပံ့ပိုးချေးငွေများနှင့် အသေးစားလုပ်ငန်းချေးငွေများကို အခြေခံသမဝါယမအသင်းစုများသို့ ချေးငွေအတိုးနှုန်း တစ်ကျပ်ခွဲဖြင့် ထုတ်ချေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အောင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim Bank မှ ရရှိသည့် ချေးငွေထုတ်ချေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းက ချေးငွေလက်ခံရယူဆောင်ရွက်သည့် အသင်းအဆင့်ဆင့်တို့မှ ဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် အသင်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

နိုင်ထူး(ခရိုင်ပြန်/ဆက်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အဆိုပြုတင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့် ကြော်ငြာချက်(အကျဉ်း)

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့် ကြော်ငြာချက်(အကျဉ်း)

ကျေးဇူး
ဆပ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဧရာဝတီမြစ်အား အပြည်ပြည်ဆိုင်ရာမြစ်အဖြစ် သုံးနှုန်းပြောဆိုမှုကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားဆောင်ရွက်သူများ ကန့်ကွက်

မန္တလေး၊ မေ ၂၂

အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေဖြင့် ကမ္ဘာ့ဘဏ်က ငွေကြေးထောက်ပံ့ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝှမ်း ဘက်စုံပေါင်းစည်းစီမံကိန်းတွင် 'ဧရာဝတီမြစ်သည် တရုတ်၊ အိန္ဒိယ၊ မြန်မာနိုင်ငံတို့ မျှဝေယူထားသော အပြည်ပြည်ဆိုင်ရာ မြစ်တစ်စင်းဖြစ်ပါသည်' ဟူ၍ ဖော်ပြချက်ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားဆောင်ရွက်သူများက ကန့်ကွက်ခဲ့ကြကြောင်း သိရသည်။

ဧရာဝတီမြစ်၏ မြစ်လက်တက် မေခ၊ မလိခတို့၏ ချောင်းလက်တက် တိဘက်ဒေသတွင် ချောင်းဖျားခံရုံဖြင့် ဧရာဝတီမြစ်ကို အပြည်ပြည်ဆိုင်ရာမြစ်အဖြစ် သုံးနှုန်းထားခြင်းအား သင့်လျော်မှုမရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက ကန့်ကွက်ပြောဆိုခဲ့ကြသည်။

ဧရာဝတီမြစ်သည် မေခနှင့် မလိခမြစ်နှစ်သွယ်ပေါင်းစည်းရာမှ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ထိုမြစ်နှစ်သွယ်ပေါင်းစည်းသည့် မြစ်ဆုံမှ စတင်၍ ဧရာဝတီမြစ်ဖြစ်လာသည်။ မေခမြစ်သည် အလျား ၃၄၉ ကီလိုမီတာ ရေဆင်းဧရိယာ ၂၀၀၀၀ စတုရန်းကီလိုမီတာရှိပြီး မလိခမြစ်သည် အလျား ၃၇၅ ကီလိုမီတာ ရေဆင်းဧရိယာ ၂၃၀၀၀ စတုရန်း ကီလိုမီတာရှိသည်။

စီမံကိန်းအစီရင်ခံစာတွင် 'ဧရာဝတီမြစ်ကို မြစ်ဖျားခံသည့် ဒါယင်းနှင့် ဂျိယန်းဆိုသော မြစ်လက်တက်နှစ်သွယ်သည် တရုတ်နိုင်ငံမှ စီးဆင်းလာသကဲ့သို့ အိန္ဒိယနိုင်ငံမှ မြစ်ဖျားခံလာသော မြစ်လက်တက်တစ်ခုကလည်း ဂျိယန်မြစ်လက်တက်ထဲသို့ စီးဝင်လျက်ရှိပါသည်' ဟု ဖော်ပြထားသည်။

မေ ၁၆ ရက်၌ ကျင်းပသည့်ရှင်းလင်းပွဲတွင် ကမ္ဘာ့ဘဏ်စီမံချက်တာဝန်ခံကဧရာဝတီမြစ်အား အပြည်ပြည်ဆိုင်ရာမြစ်အဖြစ်သုံးနှုန်းခဲ့ခြင်းအား စိတ်မကောင်းဖြစ်မိကြောင်း ပြောခဲ့သည်။

မောင်ပြည်သူ(မန္တလေး)

ဧရာဝတီမြစ်ကိုအသုံးပြု၍ တွန်းသင်္ဘောများ အသုံးပြုနေပုံ

အခမဲ့ဖြန့်ဝေပေးထားသော DVB- T2 Set Top Box များတွင် မြဝတီရုပ်သံလိုင်းများ ပြန်လည်ဖမ်းယူရရှိရေး မျှော်လင့်လျက်ရှိ

ကျောက်ဆည်၊ မေ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပြောင်းလဲထုတ်လွှင့်လျက်ရှိသော Digital ရုပ်သံလိုင်းများ ဖမ်းယူကြည့်ရှုရန် အခမဲ့ဖြန့်ဝေပေးထားသော DVB- T2 Set Top Box များသည် မြဝတီရုပ်သံလိုင်းများ ဖမ်းယူကြည့်ရှု၍ မရတော့သောကြောင့် ပြန်လည်ဖမ်းယူကြည့်ရှုနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

DVB- T2 Set Top Box ဖြန့်ဝေစဉ်က ဖမ်းယူရရှိသည့် ရုပ်သံလိုင်းများ ကြည့်ရှု၍ရကြောင်းနှင့် နောက်ပိုင်းတွင် လိုင်းများ နည်းသွားခြင်းအပေါ် "ပထမဆုံးစပေးတဲ့ DVB- T2 Set Top Box က ကောင်းတယ်ဗျ။ ဆီးဂိမ်းအမီပေးတာ၊ ဖမ်းလို့ရတဲ့ ရုပ်သံလိုင်းတွေ အကုန်လုံး ကြည့်လို့တယ်။ နောက်ပိုင်းလိုင်းတွေက တဖြည်းဖြည်းကြည့်မရတော့ အခုပြီးခဲ့တဲ့ တစ်ပတ်လောက်ကတည်းက မြဝတီလိုင်းတွေ ပျောက်ကုန်တာ။ မြဝတီလိုင်းက ဇာတ်ကားလေးတွေလာတော့ ကောင်းတယ်။ ကျန်တဲ့ မြန်မာ့အသံနဲ့ ဆက်စပ်ရုပ်သံလိုင်းတွေ MRTV- 4 လိုင်းတွေက လာသေးတယ်။ မြဝတီရုပ်သံလိုင်းတွေက အကုန်ကို ပျောက်သွားတာ အခုချိန်ထိ မရတော့ဘူး။ ပြန်ဖမ်းရအောင် စီစဉ်ဆောင်ရွက်ပေးရင် ကောင်းတာပေါ့" ဟု လူမှုအဆင့်(E)ဖြင့် DVB- T2 Set Top Box ရရှိထားသူ မြောင်ဦးကျေးရွာမှ ဦးသန်းနိုင်ဝင်းက ပြောသည်။

ကျောက်ဆည်ခရိုင်အတွင်း ပြန်ကြားရေးဝန်ကြီးဌာနမှ ကျောက်ဆည်မြို့နယ်တွင် DVB- T2 Set Top Box စက်အလုံးရေ ၁၃၅၀၊ စဉ့်ကိုင်မြို့နယ်တွင် ၁၂၅၀၊ တံတားဦးမြို့နယ်နှင့် မြစ်သားမြို့နယ်တို့တွင် ၁၁၅၀ လုံးစီကို အဆင့်ရှစ်ဆင့်ဖြင့် လေးကြိမ်တိုင်တိုင် အခမဲ့ ဖြန့်ဖြူးပေးထားကြောင်း ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိဒေါ်ဝေဝေဖြိုး၏ ပြောကြားချက်များအရ သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ရောဝတီတိုင်းဒေသကြီး၊ စစ်ကုန်းကျေးရွာတွင် ချေးငွေကိစ္စဖြင့် စကားများရန်ဖြစ်ရာမှ ဒေါသမထိန်းနိုင်သောကြောင့် လူသတ်မှုဖြစ်ပွား

ရေကြည်၊ မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် သံတင်းကျေးရွာအုပ်စု စစ်ကုန်းကျေးရွာ၌ ချေးငွေကိစ္စနှင့် စကားများရန်ဖြစ်ရာမှ ဒေါသမထိန်းနိုင်ဘဲ ဓားနှင့်ခုတ်ရာတစ်ဦးသေဆုံးပြီး တစ်ဦးမှာဒဏ်ရာများရရှိသွားကြောင်း သိရသည်။

မေ ၂၀ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က ဒုရဲမှူးတင်မောင်နိုင်သည် ရဲစခန်း၌ တာဝန်ထမ်းဆောင်နေစဉ် သံတင်းကျေးရွာအုပ်စု စစ်ကုန်းကျေးရွာတွင် လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်ကြည့်ရှုရာ ရဲမင်းနိုင်မှ အဒေါ်ဖြစ်သူနှင့် ချေးငွေကိစ္စ စကားများရန်ဖြစ်ရာမှ ရဲမင်းနိုင်က ဓားဖြင့်ခုတ်ရာ အဒေါ်ဖြစ်သူသေဆုံးပြီး အနီးရှိဝင်ဆွဲသူမှာ ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက်က တရားလို ဦးဆန်းနိုင်(ခ) ကောင်းပုသည် ဆင်ကူးရွာမှ စစ်ကုန်းကျေးရွာရှိ နေအိမ်သို့ရောက်ရှိစဉ် ၎င်း၏ဇနီးဖြစ်သူနှင့် တစ်ရွာတည်းနေသူတို့အား တရားလို၏ခြံဝင်းထဲတွင် နေထိုင်သော တူတော်စပ်သူ ရဲမင်းနိုင်က ဓားနှင့်ခုတ်သဖြင့်ဇနီးဖြစ်သူသေဆုံးပြီး တစ်ရွာတည်းနေသူမှာ သတိလစ်နေကြောင်းကို သမီးဖြစ်သူမှ ပြောပြ၍ သွားရောက်ကြည့်ရှုရာ ဇနီးသည် လည်ပင်းဝဲဘက်တွင် ဓားဒဏ်ရာတစ်ချက်ရရှိ၍ သေဆုံးနေပြီး တစ်ရွာတည်းနေသူမှာ ဝဲဘက်လက်ပြင်၌ ဓားဒဏ်ရာတစ်ချက်ရရှိကာ လဲကျသတိလစ်နေသည်ကို တွေ့ရသဖြင့် ရေကြည်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ရဲမင်းနိုင်အား အရေးယူပေးပါရန် တိုင်တန်းခဲ့သည်။

၎င်းဖြစ်စဉ်နှင့် ပတ်သက်၍ ဓားနှင့်ခုတ်သူ ရဲမင်းနိုင် ၁၄ နှစ် စစ်ကုန်းကျေးရွာနေထိုင်သူအား ရေကြည်မြို့နယ်ရဲစခန်းမှ (ပ)၂၈/၂၀၁၄ အမှုကြီးအမှတ်စဉ် (၂/၂၀၁၄)၊ ပြစ်မှုပုဒ်မ ၃၀၂/၃၂၆ ဖြင့် လက်ခံစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းဇော်ဦး(ရေကြည်)

သုံးပင်မြေစိုက် နေအိမ်တဲအတွင်း ရှိနေစဉ် လေပြင်းတိုက်ပြီး မိုးရွာကာ တဲပြိုကျ၍ ဒဏ်ရာများရရှိသေဆုံး

နေပြည်တော်၊ မေ ၂၂

၂၀၁၄ ခုနှစ်၊ မေ ၁၈ ရက် ညနေ ၅ နာရီခွဲက မကွေးတိုင်းဒေသကြီး၊ နတ်မောက် မြို့နယ်၊ ကျောက်တန်းကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာအရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာရှိ ဇရပ်ကုန်းတဲတိုက်တွင် တဲပြိုကျ၍ လူတစ်ဦးသေဆုံးကြောင်း သတင်းအရ စိုင်ကောင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ၎င်းတဲတိုက်နေ ဦးစောထွန်း ၅၅ နှစ်အား ခါးနှစ်ဖက်ချိုင့်ဝင်ဒဏ်ရာများဖြင့် ထိုင်လျက်သေဆုံးနေသည်ကို တွေ့ရှိရသည်။

စစ်ဆေးချက်အရ ဦးစောထွန်းသည် ၎င်း၏ သုံးပင်မြေစိုက် နေအိမ်တဲအတွင်း ရှိနေစဉ် လေပြင်းတိုက်၍ မိုးရွာသွန်းမှုကြောင့် တဲပြိုကျကာ ဒဏ်ရာများရရှိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ စိုင်ကောင်းနယ်မြေ ရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၄/၂၀၁၄ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန

(ဆ) Toner, Cartridge & Computer Accessories

ယခုနှစ် မူလတန်းနှင့် အလယ်တန်းအား ကျောင်းအပ်နံ့ကြေး အခမဲ့သတ်မှတ်

မြိတ်မြို့ရှိ အခြေခံပညာကျောင်းတွင် ကျောင်းအပ်လက်ခံနေစဉ်။

မြိတ်၊ မေ ၂၂

ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်စေရေးအတွက် ယခုနှစ်တွင် မူလတန်းနှင့် အလယ်တန်း ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံ့ကြေးကို အခမဲ့အဖြစ် သတ်မှတ်ထားသည့်အပြင် ကျောင်းသုံးပုံနှိပ်များကိုလည်း အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နဝမတန်းကို ကျောင်းအပ်နှံ့ကြေးအဖြစ် ငွေကျပ် ၁၉၀၀ နှင့် တက္ကသိုလ်ဝင်တန်းကို ကျောင်းအပ်နှံ့ကြေးအဖြစ် ငွေကျပ် ၂၀၀၀ ပေးသွင်းရမည်ဖြစ်ကာ ကျောင်းသုံးပုံနှိပ်စာအုပ်များကို နဝမတန်းတွင် အတွဲ(၁)တစ်စုံလျှင် ၃၂၀၀ ကျပ်၊ အတွဲ(၇)တစ်စုံလျှင် ကျပ် ၃၅၀၀ ဖြင့်လည်းကောင်း၊ တက္ကသိုလ်ဝင်တန်းတွင် ကျောင်းသုံးပုံနှိပ်တစ်စုံလျှင် ကျပ် ၃၅၀၀ နှုန်းဖြင့် ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစတင်အပ်လက်ခံလျက်ရှိရာ မြိတ်မြို့ရှိ အခြေခံပညာကျောင်းများတွင် မေ ၂၀ ရက် နံနက်ပိုင်းမှစ၍ ကျောင်းအပ်လက်ခံလျက်ရှိကြောင်းလည်း သိရသည်။

ဇော်မျိုးနိုင်(မြိတ်ခရိုင်ပြန်/ဆက်)

တောင်သာမြို့နယ်တွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးနိုင်ရန် သစ်တောဦးစီးဌာနမှစီစဉ်ဆောင်ရွက်

တောင်သာ၊ မေ ၂၂

တောင်သာမြို့တွင် ၂၀၁၄-၂၀၁၅ သစ်ပင်စိုက်ရာသီ၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးရန် ပျိုးပင်များကို အခမဲ့ဖြန့်ဝေပေးနိုင်ရန် မြို့နယ်သစ်တောဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပျိုးပင်များကို စိုက်ပျိုးလိုသူများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ၊ မြို့နယ်သစ်တောဦးစီးဌာနတွင် အခမဲ့ရယူရေးအတွက် စီစဉ်ထားပြီး မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ အခြေခံပညာကျောင်းများ ၊ ရပ်ကွက်/ကျေးရွာအုပ်စု စိုက်ခင်းများ၊ မြင်းခြံ-မိတ္ထီလာ၊ တောင်သာ-ကျောက်ပန်းတောင်း ကားလမ်းဘေး ဝဲယာများတွင် သစ်ပင်စိုက်ပျိုးရာသီ၌ လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးရန်စီစဉ်ထားကြောင်း သိရသည်။

မြို့နယ်သစ်တောဦးစီးဌာနရုံးဝင်းအတွင်းရှိပျိုးဥယျာဉ်တွင် ကျွန်းအပင် ၁၀၀၀၊ ယင်းမာ ၉၂၅၀ ပင်၊ မဲဇလီ ၂၂၅၀ ပင်၊ မြန်မာကုက္ကို ၂၁၅၀ ပင်၊ တမာ ၂၅၅၀ ပင်၊ မန်ကျည်း ၁၅၅၀ ပင်၊ရှား ၁၂၀၀ ပင်နှင့် ဆူးဖြူ ၅၅၀ ပင် စုစုပေါင်းအပင် ၂၀၀၀၀ ကို ပျိုးထောင်ထားရှိကြောင်း သိရသည်။

ကျော်မျိုးနိုင်(တောင်သာ)

ရှမ်းပြည်နယ်တွင်စိတ်ကြွရူးသွပ်ဆေးပြား ၃၉၆၀၀ နှင့် ဘိန်းဖြူဘလောက်တုံးများ ဖမ်းဆီးရမိ

နေပြည်တော်၊ မေ ၂၂

၂၀၁၄ ခုနှစ်၊ မေ ၁၈ ရက် နံနက် ၁၀ နာရီခွဲက ရှမ်းပြည်နယ်၊ အမှတ်(၂၂) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မူဆယ်)မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ နမ့်ခမ်းမြို့နယ်၊ မန့်ဟောင်းကျေးရွာ ကူးတို့ဆိပ်အနီး လမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် နမ့်ခမ်းမြို့မှ မန့်ဟောင်းကျေးရွာကူးတို့ဆိပ်ဘက်သို့ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ အောင်မြေ(၁)ကျေးရွာနေ ချန်းခေါ မောင်းနှင်လာသည့် 7D/×××× PAJERO ခဲ/နက်ပြာကြား ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ယာဉ်နောက်ခန်းတွင် တင်ဆောင်လာသည့် အဖြူရောင်ဆာလာအိတ်အတွင်း မိုင်းကိုင်စက္ကူ၊ အဖြူရောင်တိပ်တို့ဖြင့်ပတ်လျက် အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ငယ်များဖြင့် ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၇၇၂၀၊ 88 နှင့် 1 စာတန်း တစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၈၀ စုစုပေါင်းဆေးပြား ၃၉၆၀၀၊ အလေးချိန် ၃ဒသမ ၅၆၄ ကီလိုခန့်၊ တန်ဖိုးငွေကျပ် ၇၉၂ သိန်းနှင့် အလေးချိန် ၇၀၀ ဂရမ်ခန့်ရှိ ဘိန်းဖြူဘလောက်တုံး နှစ် တုံး၊ တန်ဖိုးငွေကျပ်သိန်း ၁၄၀ တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ခဲ့ကြောင်းသိရသည်။

ချန်းခေါအား နမ့်ခမ်းမြို့မ ရဲစခန်းက မယ(ပ)၂၉/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

မြန်မာ–ဂျပန်စင်တာ ထူးချွန်သင်တန်းသားများအား ဆုချီးမြှင့်

မန္တလေး၊ မေ ၂၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့်ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် တည်ထောင်သည့် မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု ဗဟိုဌာန၏ ၂၀၁၃ ခု ဘဏ္ဍာနှစ်အတွင်း မန္တလေးမြို့တွင်ဖွင့်လှစ်ခဲ့သည့် သင်တန်းများမှ ထူးချွန်သင်တန်းသားများအား ဂျပန်နိုင်ငံ KEIDANREN အဖွဲ့အစည်းမှ ပေးအပ်ချီးမြှင့်သည့် Scholarship များပေးအပ်ခြင်းနှင့် Scholarship ရရှိသူများအနက် ထပ်မံရွေးချယ်ပြီး ၂၀၁၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ရန် ရွေးချယ်မည့် အစီအစဉ်အား ရှင်းလင်းခြင်း အခမ်းအနားကို မေ ၁၈ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတွဲဖက်အတွင်းရေးမှူး ဒေါက်တာမောင်မောင်၊ KEIDANREN မန်နေဂျာ Mr.Yasuhirouzumi ဂျပန်-မြန်မာ စီးပွားရေးကော်မတီမှ Mr.Nobuo တို့က အမှာစကားပြောကြားပြီး သင်တန်းများမှ ထူးချွန်သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ-ဂျပန်စီးပွားရေးဆိုင်ရာ သင်တန်းမန်နေဂျာ ဒေါက်တာ သန်းသန်းအောင်က ပညာသင်ဆုများပေးအပ်ခြင်း၊ ဂျပန်နိုင်ငံလေ့လာရေးသွားရောက်ရန် ရွေးချယ်မှုအစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။

သီဟကိုကို(မန္တလေး)

အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေး

ပုသိမ်၊ မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ ကာယ(၁၂)လမ်းရှိ ဓမ္မပါရဂူကျောင်း၊ ဓမ္မပါရဂူကုသိုလ်ဖြစ်ဆေးခန်း၏ ဦးစီးပဓာနဆရာတော် ဒေါက်တာအရှင်ဝိလာသဦးစီး၍ ပါမောက္ခဒေါက်တာ ဦးစောအောင်၊ ပါမောက္ခဒေါ်ရီရီနိုင်၊ အထူးကုသမားတော်ကြီး ဒေါက်တာမောင်မောင်ထွေး ဦးဆောင်သော ဆရာဝန် ၃၇ ဦးတို့သည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ရေလဲကလေးကျေးရွာသို့ မေ ၁၈ ရက်က ရောက်ရှိခဲ့ပြီး ရွာသူ၊ ရွာသား ၁၂၀ အား အခမဲ့ ကျန်းမာရေးစမ်းသပ်ပေးခြင်း၊ ဆေးဝါးများ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါအဖွဲ့သည် ငါးကြီးဂရက်ကျေးရွာတွင်လည်း ပြည်သူ ၁၂၀ နှင့် မအူပင်မြို့ မြို့ရှောင်လမ်းရှိ ဘိုးဘွားရိပ်သာတွင် ဘိုးဘွား ၁၉ ဦး၏ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးပြန်/ဆက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
သားဖွားနှင့်မီးယပ်ပညာဒီပလိုမာနှင့်
ကလေးကျန်းမာပညာဒီပလိုမာ
ဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

ပျောက်ဆုံးခြင်း

ရောင်းမည်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ပိုစတာ၊ ကာတွန်းနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

မန္တလေး၊ မေ ၂၂

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းချီ၊ ပိုစတာ၊ ကာတွန်းနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၁၈ ရက်နှင့် ၁၉ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၈၀ ရှိ အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပခဲ့သည်။

ပန်းချီပြိုင်ပွဲတွင် မန္တလေးခရိုင်အတွင်း ကျောင်းသား၊ ကျောင်းသူ ၆၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မွန်းလွဲပိုင်း ပိုစတာပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် ကျန်းမာပြည့်ဝ ဘဝသုခ မူးယစ်ဆေးဆိုကင်းစင်မှ၊ အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး၊ မူးယစ်သားကောင် မဖြစ်စေရေး ဖေးမကူညီပေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ဖို့ ဒို့လူငယ်တွေစည်းရုံးစို့၊ မူးယစ်စွဲသူဖေးမကူ ပြည်သူများတို့ ဝိုင်းဝန်းစို့ ခေါင်းစဉ်များဖြင့် ရေးဆွဲကြသည်။

ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးအုန်းလွင်၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ဝင်းအောင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ခွဲမှူး ဒုတိယရဲမှူး ခိုင်စိုးတို့ တက်ရောက်ခဲ့ကြသည်။ **သီဟကိုကို(မန္တလေး)**

ပန်းချီ၊ပိုစတာ၊ကာတွန်းနှင့်ကွန်ပျူတာပန်းချီပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်စဉ်။

ဟားခါးမြို့ရေပေးဝေနိုင်ရေး သီး(စ်)မြစ်ကို မြစ်ရေတင်ပြုလုပ်၍ ဆောင်ရွက်သွားမည်

ဟားခါး၊ မေ ၂၂

ချင်းပြည်နယ် ဟားခါးမြို့ ရေပေးဝေနိုင်စေရန် သီး(စ်)မြစ်ကိုရေကာတာဆောက်လုပ်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ မော်တာဖြင့် မြစ်ရေတင်ကာ ဟားခါးမြို့ထက်မြင့်သောနေရာတွင် ရေကန်ဆောက်လုပ်ပြီး ရေပေးဝေနိုင်ရန် လေ့လာတိုင်းတာမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

"ချင်းပြည်နယ်ရဲ့ မြို့တွေတော်တော်များများဟာ တောင်ပေါ်ဒေသတွေဖြစ်လို့ ရေရှားပါးလှပါတယ်။ ဟားခါးမှာလည်း ရေရှားတယ်၊ တီးတိန်မှာလည်း ရေရှားတယ်၊ ဖလမ်းမှာလည်းရေရှားတယ်၊ ဟားခါးမြို့ ရေရှားတာကို ဖြေရှင်းနိုင်ဖို့အတွက် ဟားခါးမြို့ရဲ့ အောက်ဖက်နားမှာရှိတဲ့ သီး(စ်)မြစ်ကို ရေကာတာဆောက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့နဲ့ ဒီလျှပ်စစ်ဓာတ်အားနဲ့ပဲ ရေမော်တာတွေနဲ့ မြို့ထက်မြင့်တဲ့နေရာမှာ ရေကန်ဆောက်ပြီး ရေတင်ပါ့မယ်။ ရေကန်ကနေမှ ဟားခါးမြို့ကို ရေပေးဝေနိုင်ဖို့ကို ဂျပန်က ပညာရှင်တွေနဲ့ လေ့လာတိုင်းတာနေပါတယ်။ နောက်ပြီးတော့ ဟားခါးမြို့ကနေ ၂၅ မိုင်ခန့်ဝေးတဲ့ ရမ်ဖလိုချောင်းကနေ ရေသွယ်ပြီး ဆောင်ရွက်နိုင်ဖို့ကိုလည်း လွှတ်တော်မှာ တင်ပြထားပါတယ်" ဟု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်က ပြောကြားသည်။

ချင်းပြည်နယ်အတွင်းရှိ သဘာဝစိမ့်စမ်းများ၊ ချောင်းမြောင်းများသည် သစ်တောများ ပြုန်းတီးလာမှုကြောင့်လည်းကောင်း၊ တောမီးလောင်ကျွမ်းမှု များကြောင့်လည်းကောင်း ရေခမ်းခြောက်လာရာ နွေရာသီကာလတွင် ရေပြတ်လပ်မှုပိုများလာကြောင်း သိရသည်။

လင်းလက်ကြယ်စင်

ဧရာဝတီတိုင်းဒေသကြီး၌ သုံးနှစ်ကာလအတွင်း ဒီရေတော ထိန်းသိမ်းရန် ဒီရေပင်၊ ရေချိုပင် ရှစ်သိန်းကျော်အား ဧက ၅၀၀ ကျော်တွင် စိုက်ပျိုးပြီးစီး

ရန်ကုန်၊ မေ ၂၂

၂၀၀၈ ခုနှစ်မေလ၊ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသော ဒီရေတောပင်များ ပြန်လည်ထိန်းသိမ်းရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဘိုကလေးမြို့၊ မော်လမြိုင်ကျွန်းမြို့နှင့် ဖျာပုံမြို့များတွင် ၂၀၁၁ ခုနှစ်မှ ယခုနှစ်အထိ သုံးနှစ်အတွင်း ဒီရေပင်နှင့် ရေချိုပင် ရှစ်သိန်းကျော်အား ဧက ၅၀၀ ကျော်တွင်စိုက်ပျိုးနိုင်ခဲ့ကြောင်း ဒီရေတောပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဒီရေတောပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်း (ရန်ကုန်)သည် လက်ရှိ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့သုံးမြို့တွင် ကျေးလက်လူထုပါဝင်သော ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ရာ သစ်ပင်စိုက်ပျိုးခြင်း၊ ပျိုးဥယျာဉ်ထူထောင်ခြင်းနှင့် ထင်းလောင်စာချွေတာသော မီးဖိုသုံးစွဲခြင်းစသော အဓိကစီမံချက် သုံးခုဖြင့် ၂၀၁၁ ခုနှစ်၊ ဇွန်လမှ စတင်ဆောင်ရွက်နေကြောင်း သိရသည်။

"ဧရာဝတီက ဒီရေတောတွေက တော်တော်ကို ယိုယွင်းပျက်စီးနေလို့ ဒေသခံလူထုက နာဂစ်မှာတော်တော်ဒုက္ခရောက်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က သဘာဝဘေးအန္တရာယ်ကို ဒီရေသစ်ပင်တွေ စိုက်ခြင်းနဲ့ လျှော့ချရမှာပါ။ ဒေသအတွက် လိုအပ်မှုတွေကို ဖြည့်တင်းပေးမယ်။ နောက်သားငါးသယံဇာတပေါကြွယ်ဝအောင် အထောက်အကူပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဒီလုပ်ငန်းတွေ ဆောင်ရွက်ရတာပါ" ဟု ဒီရေတောပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း(ရန်ကုန်)၏ဥက္ကဋ္ဌ ဦးဝင်းစိန်နိုင်ကပြောသည်။

ဒီရေတော ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် ဖျာပုံမြို့တို့ရှိ ကျေးရွာပေါင်း ၁၇၃ ရွာမှ ပျိုးဥယျာဉ် ၄၆ ခုတို့တွင် ဒီရေပင်နှင့် ရေချိုပင်များ စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့တွင်လည်း ၂၀၁၁ ခုနှစ်မှစတင်၍ ယနေ့အချိန်ထိ ကျေးရွာလူထုနှင့် ပူးပေါင်းပြီး ဒီရေတောဧက ၈၀၀ ကျော် စိုက်ပျိုးထားခဲ့ကြောင်း သိရသည်။

လက်ရှိ ဧရာဝတီတိုင်းဒေသရှိ သစ်တောကြိုးဝိုင်းများမှာ လယ်မြေကျူးကျော်မှုများနှင့် အခြားသောကျူးကျော်မှုများကြောင့် နေရာတော်တော်များများတွင် ပျက်စီးမှုများရှိခဲ့ပြီး သစ်တောသယံဇာတများရှားပါးနေကာ ပြန်လည်ထိန်းသိမ်းရန်လိုအပ်နေပြီး သစ်တောဦးစီးဌာနအနေဖြင့်လည်း ယခုနောက်ပိုင်းတွင် ကြိုးဝိုင်းဧရိယာအတွင်း ဒေသခံအစုအဖွဲ့များအား သစ်တောစိုက်ခင်းများထူထောင်ပေးရန် အစီအစဉ်ရှိကြောင်းလည်း ဒီရေတော ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

